ကြေးမုံ The Mirror

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့၊ (2-7-2006) (၅၀၀၆)

- မြန်မာနိုင်ငံ၏ စာပေကြေးမုံပြင်ကြီးထဲတွင် မြန်မာ့အတွေးအခေါ်၊ မြန်မာ့စိတ်ထားနှင့် မြန်မာ့ကြိုးပမ်းမှုတို့ သဲကွဲစွာ ပုံရိပ်ထင်ပြီးရှိနေသည်ကိုလည်း မိမိတို့ ဂုဏ်ယူစွာဖြင့် ဆက်လက်ထိန်းသိမ်းသွားကြရမည်။
- ဤပုံရိပ်များထဲတွင် မြန်မာ့လူမှုဓလေ့ တည်ဆောက်မှု၊ မြန်မာတို့၏ မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ်ရှိမှု၊ လွတ်လပ်ရေးကို လိုလားမှု၊ ပြည်ထောင်စုစိတ်ဓာတ် အစဉ်အလာ ဖြစ်ထွန်းမှုတို့သည်လည်း သမိုင်းဖြစ်ရပ်များအနေနှင့် အထင်အရှား ကိန်းအောင်းတည်ရှိနေသည်ကို မိမိတို့ မျက်ခြည်မပြတ်ရှိနေသင့်။

ယခုအချိန်တွင် နိုင်ငံကြီးအချို့က မြန်မာနိုင်ငံက ချမှတ်လျှောက်လှမ်းနေသည့်လမ်းကြောင်းနှင့် အောင်မြင်မှုများကို မသိကျိုးကျွံပြုပြီး စာပေနည်း၊ မီဒီယာနည်းဖြင့် ဖျက်လိုဖျက်ဆီးလုပ်လာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးပန်းပြုပြီး မတရားသြဇာလွှမ်းမိုးရန် ကြိုးပမ်းလုပ်ဆောင်နေ ဤအန္တရာယ်သည် ပြည်ထောင်စုစိတ်ဓာတ်နှင့် အချုပ်အခြာအာဏာပိုင်မှုတို့ကို ပျက်ပြားအောင်လုပ်နေသည့် အဓမ္မလုပ်ရပ်များဖြစ် စာပေကလောင်ရှင်များအနေဖြင့် ဆိုရေးရှိက ဆိုအပ်စွတည့်ဆိုသည့်အတိုင်း အမှန်ဘက်ကရပ်တည်ရေးသားရန် တာဝန်ရှိ

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမဒ္ဒကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့ - အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်များ၊ စာပေပညာရှင်ကြီးများ၊ ပြည်နယ်နှင့် တိုင်းများမှ ညီလာခံကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လေးနှစ်တစ်ကြိမ်ကျင်းပသော ဤစာပေညီလာခံကြီးသို့ တက်ရောက်လာသည့် ဦးစီးအဖွဲ့ဝင်ကိုယ်စားလှယ်များနှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များက အဖွဲ့၏ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့်အညီ စည်းရုံးဖွယ်၊ ဆောင်ရွက်ဖွယ်၊ နိုင်ငံနှင့်လူမျိုး အကျိုးရှိဖွယ်ကိစ္စရပ်များကို ညီလာခံရက်အတွင်းမှာ သုံးသပ်ဆွေးနွေး တင်ပြကြမှာဖြစ်ကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂-၇-၂၀၀၆
(တနင်္ဂနွေနေ့)

စိတ်ဓာတ်ရေးရာ မြင့်မားခိုင်မာလာစေရေး လေ့ကျင့်ပျိုးထောင်

ယနေ့အချိန်အခါသည် ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် တစ်မျိုးသားလုံးက တက်ညီလက်ညီ အားထုတ်ဆောင်ရွက်နေချိန်ဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ်များသည် နိုင်ငံချစ်စိတ်ဓာတ်များ လွှမ်းခြုံရှင်သန်ခိုင်ကျည်နေရန် လိုအပ်သည်။ အလားတူ မျိုးချစ်စိတ်နှင့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ အကျိုးစီးပွားကို မြှင့်တင်ပေးလိုသည့် စိတ်တို့ အစဉ်တိုးပွားဖြစ်ထွန်းလာစေရန်လည်း လိုအပ်သည်။

ဆရာ၊ ဆရာမများသည် မိမိတို့၏တပည့် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို အသိအမြင်ခံယူချက်များ မြင့်မားလာစေရန် အသိပညာပေးကြရမည် ဖြစ်သည်။ ငယ်ရွယ်နုပျိုစဉ် အချိန်ကတည်းက အမျိုးသားရေးအသိအမြင်၊ အတွေးအခေါ်များ စွဲထင်ကိန်းအောင်းလာစေရေး ပြုစုပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုး ကာကွယ်စောင့်ရှောက်ပေးနိုင်ကြမည့် မျိုးချစ်အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ထွန်းလာမည်ဖြစ်သည်။

ယင်းသို့ အမျိုးကိုချစ်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေမှသာ အမိပြည်ထောင်စုကြီး နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်မည်ဖြစ်သည်။ ယနေ့နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာရပ်များ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာမှုနှင့်အတူ ကမ္ဘာကြီး၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍအသီးသီးကို လွှမ်းခြုံရိုက်ခတ်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းလာစေရန် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုများနှင့်အညီ နိုင်ငံ၏ တိုးတက်ဖြစ်ထွန်းရေးကို အမှန်တကယ် စွမ်းဆောင်ပေးနိုင်မည့် ပညာရေးစနစ်တစ်ရပ်ဖြစ်ထွန်းလာစေရန် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်သည်။

သိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းမှုနှင့်အညီ အနာဂတ်ကာလ၌ ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ရင်ဆိုင် ကျော်လွှားနိုင်မည့် အရည်အချင်းများ ပြည့်ဝနေစေရန် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြင့် တစ်မျိုးသားလုံး မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ အစဉ်ထာဝရ ထက်မြက်နိုးကြားစေရေးအတွက် ပညာရေးကဏ္ဍက ထက်မြက်သွက်လက်စွာ စည်းရုံးဦးဆောင်သွားနိုင်မည်ဖြစ်ပါသည်။ ။

ဇေတဝန်စာသင်တိုက် ဆွမ်းတော်ကြီးကပ်မည်

ရန်ကုန် ဇူလိုင် ၁

လယ်ဝေးမြို့နယ် သာဝတ္ထိတောင်သုံးလုံးဇေတဝန်ပရိယတ္တိစာသင်တိုက်၌ ဒုတိယအကြိမ်မြောက် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲအခမ်းအနားကို ၁၃၆၈ခုနှစ် (ဝါဆိုလပြည့်) ဇူလိုင် ၉ရက် (ဓမ္မစကြာနေ့) အရုဏ်တက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၁

ဦးတင်ဦးသည် ကစားဖော်များ ဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့်၊ဦးခင်မောင်သက်၊ ဦးကျော်စွာနှင့် ဦးသန်းထိုက်အောင်တို့နှင့် အတူဇွန် ၂၄ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်ဂေါက်ကွင်း (ဒဂုံကွင်း) မင်္ဂလာဒုံ၌ ဂေါက်သီးရိုက်ကစားကြရာ Tetleist Pro-1 No-4 ဘောလုံးကို Tetleist Iron-(5) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၈၅ ကိုက်အကွာအဝေးတွင်ရှိသော အမှတ်(၆)ကျင်းသို့ တစ်ချက်တည်း ကျင်းဝင်သွားသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဟုမ္မလင်းမြို့နယ် မောင်းခမ်းစံပြကျေးရွာဖွင့် တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၀ ရက် နံနက်က ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် မောင်းခမ်းစံပြကျေးရွာ၌ ကျင်းပသည့် စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ခန္တီးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဉာဏ်နှင့် စစ်ကိုင်း တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူးဒေါက်တာဝင်းမြင့်အောင်တို့က ဖွင့်ပွဲမှခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်

ဆက်လက်၍ အဆိုပါ စံပြကျေးရွာ ခမ်းရွှေစင်စာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပရာ ခန္တီးခရိုင်ဥက္ကဋ္ဌနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးက စာကြည့်တိုက်ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အဆိုပါ ကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေစိုက်စခန်းဖွင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်နှင့် ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ဦးလှထွန်းတို့က အခြေစိုက်စခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အခြေစိုက်စခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးသည် အဆိုပါ ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဖွင့်ပွဲသို့ တက်ရောက်အားပေးရာ တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ရှိန်နှင့် ရပ်မိရပ်ဖတစ်ဦးက ကျေးလက် ကျန်းမာရေးဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ကျေးလက်ကျန်းမာရေးဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီးနောက် ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား လှည့်လည် ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်

ယင်းနောက် တိုင်းမှူးသည် အဆိုပါ မောင်းခမ်းစံပြကျေးရွာ ကျေးလက်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစခန်းအတွက် ရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းဝတ်စုံ၊ မဂ္ဂဇင်းဂျာနယ်၊ အားကစားပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများကလက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်က ကျောင်းဆရာများအတွက် ရုပ်အင်္ကျီအထည် ၅၀ ကို ထောက်ပံ့ပေးအပ်ပြီး ကျေးရွာဥက္ကဋ္ဌက ကျေးရွာ ကျန်းမာရေးဌာန ဆေးပဒေသာပင်အတွက် ကျေးရွာနေ ပြည်သူများမှ လှူဒါန်းငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။ (သတင်းစဉ်)

ဖွင့်လှစ်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး ဟုမ္မလင်းမြို့နယ် မောင်းခမ်းစံပြကျေးရွာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအခြေစိုက်စခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ဇွန် ၂၆ရက်က ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမျိုးသားပြိုင်ပွဲတွင် ၁၁နှစ်ဆက်တိုက်ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ချီးမြှင့်စဉ်။ (အား/ကာ)

ကံမြင့်ကျောင်းတိုက်၌ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီး၌ ဇူလိုင် ၃ ရက် နံနက် ၅ နာရီတွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်မည်ဖြစ်ရာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းလိုသော အလှူရှင်များသည် ကံမြင့်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁

ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ရတနာမွန်လမ်းမကြီး (ယခင်လှိုင်မြစ်လမ်း)ရှိ ပုညသိရီအောင်ချမ်းသာပရိယတ္တိ၊ပဋိပတ္တိကျောင်းတိုက်တွင်၁၃၆၈ခုဝါဆိုလပြည့် (ဓမ္မစကြာနေ့) ဇူလိုင် ၉ ရက် တနင်္ဂနွေနေ့ နံနက် ၁၀နာရီတွင် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါသဖြင့် ဒါယကာ၊ ဒါယိကာမများ ဖုန်း - ၅၀၀၃၃၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလဆန်း ၈ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ဗဟန်း(၃)လမ်းရှိ အသင်းတိုက်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်း လှူဒါန်းလိုသူများ ဒုဥက္ကဋ္ဌ ဦးချစ်မွှေး ဖုန်း-၆၄၀၁၂၃ နှင့် အတွင်းရေးမှူး ဦးကျော်ဒင် ဖုန်း-၆၅၁၁၈၂ သို့ ဆက်သွယ်နိုင်ပြီး ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

စာပေတွင် ပုံရိပ်ထင်ဟပ်သည့် မြန်မာ့လူမှုစိတ်ထားများ ဆက်လက်ဖွံ့ဖြိုးခိုင်မာလာအောင် စာပေနည်းနှင့်ပင် တစ်ဖက်တစ်လမ်းက တည်ဆောက်ပေးသွားရမည်ကို မမေ့သင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော စာပေပညာရှင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များပြည်ထောင်စုခန်းမတွင် ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့ကြသူများ၏ မှတ်တမ်းဓာတ်ပုံများနှင့် မြို့နယ်များ၏ စာပေလှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

✪ ရှေ့ဖုံးမှ

ရှေ့ဆက်လက် ဆောင်ရွက်ဖွယ်ကိစ္စများကိုလည်း အဖွဲ့လုပ်ငန်းစဉ်များအဖြစ် ဆုံးဖြတ်ချက်ချမှတ်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း။

စာပေလောကသည် နိုင်ငံနှင့်လူမျိုးတိုင်းအတွက် အရေးကြီးသည့် နယ်ပယ်ကြီးတစ်ခုဖြစ်သည်ကို အားလုံးသဘောပေါက်ကြကြောင်း၊ ထို့အပြင် စာပေသည် အမျိုးသားယဉ်ကျေးမှု အနုပညာများဖြာထွက်ရာ ပင်စည်ကြီးဖြစ်သည်ဟုလည်း ဆိုနိုင်ကြောင်း၊ စာပေလောကသည် အမျိုးသားယဉ်ကျေးမှုတို့ ပုံရိပ်ထင်ရာ ကြေးမုံပြင်ကြီးဖြစ်သည်ဟုဆိုလျှင်လည်း မမှားနိုင်ကြောင်း။

မြန်မာနိုင်ငံ၏ စာပေကြေးမုံပြင်ကြီးထဲတွင် မြန်မာ့အတွေးအခေါ်၊ မြန်မာ့စိတ်ထားနှင့် မြန်မာ့ကြိုးပမ်းမှုတို့ သဲကွဲစွာ ပုံရိပ်ထင်ပြီး ရှိနေသည်ကိုလည်း မိမိတို့ ဂုဏ်ယူစွာဖြင့် ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း၊ ဤပုံရိပ်များထဲတွင် မြန်မာ့လူမှုဓလေ့ တည်ဆောက်မှု၊ မြန်မာတို့၏ မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ်ရှိမှု၊ လွတ်လပ်ရေးကို လိုလားမှု၊ ပြည်ထောင်စုစိတ်ဓာတ် အစဉ်အလာဖြစ်ထွန်းမှုတို့သည်လည်း သမိုင်းဖြစ်ရပ်များအနေနှင့် အထင်အရှား ကိန်းအောင်းတည်ရှိနေသည်ကို မိမိတို့ မျက်ခြည်မပြတ် ရှိနေသင့်ကြောင်း၊ ယခုကဲ့သို့ စာပေတွင် ပုံရိပ်ထင်ဟပ်သည့် မြန်မာ့လူမှုစိတ်ထားများ ဆက်လက်ဖွံ့ဖြိုးခိုင်မာလာအောင် စာပေနည်းနှင့်ပင် တစ်ဖက်တစ်လမ်းက တည်ဆောက်ပေးသွားရမှာကိုလည်း မမေ့သင့်ကြောင်း။

စာရေးဆရာ၊ ကဗျာဆရာ၊ ကျမ်းပြုဆရာ၊ ဘာသာပြန်ဆရာ၊ စာနယ်ဇင်းစသည့် ကလောင်ရှင်များသည် **"ဝါသနာ ဘာဂီ ဆက်တိုင်းမီ"**ဆိုသကဲ့သို့ အထုံဝါသနာ စေ့ဆော်မှုဖြင့် ရေးသားဖွဲ့ဆိုလုပ်ကိုင်ကြရာကအစ မိမိတို့၏ အသက်မွေးဝမ်းကျောင်းအဖြစ်နှင့် ရပ်တည်ဖို့အထိ ဘဝဖူလုံမှုကိစ္စလည်း ပါဝင်လာကြောင်း၊ မိမိတို့ကျင်လည်ရာ စာပေနယ်၏ အရေးပါမှုသည်လည်း ခေတ်အဆက်ဆက်မှာ အနှစ်သာရ မပြောင်းမလဲရှိသော်လည်း လုပ်နည်းကိုင်နည်း စီမံဆောင်ရွက်မှုများသည် ခေတ်ကာလတိုးတက်မှုနှင့်အမျှ ပြောင်းလဲနေကြောင်း၊ ထို့ကြောင့် ပေပုရပိုက်ခေတ်ကနေ ခဲစာလုံးသုံးသည့် ပုံနှိပ်ခေတ်၊ ပုံနှိပ်ခေတ်ကနေ စားပွဲတင်ကွန်ပျူတာခေတ်တို့အထိ ရောက်ရှိပြီး လုပ်နည်းလုပ်ဟန် ပိုမို၍ အဆင်ပြေမှုများ ရှိလာကြောင်း၊ ဤအဆင်ပြေမှုများထဲတွင် မိမိဖန်တီးသည့် လက်ရာကို အလွယ်သိမ်းဆည်းထားနိုင်ခြင်း၊ မိတ္တူများများပွားနိုင်ခြင်း၊ အကြိမ်ကြိမ် ထုတ်ဝေနိုင်ခြင်းဆိုသည့်ကိစ္စများ ပါဝင်ကြောင်း။

တစ်နည်းအားဖြင့်ပြောရလျှင် ရေးသားရန် အဆင်ပြေသကဲ့သို့ ပွားများရန်လည်း အဆင်ပြေသည့်အပြင် ပျံ့နှံ့အောင် ဖြန့်ချိမှုအတွက်ပါ နည်းမျိုးစုံ ထွန်းကားလာခဲ့သည်ကို တွေ့ရကြောင်း၊ ဤထွန်းကားကျယ်ပြန့်မှုကြောင့်ပင် စာပေကနေ ရုပ်ရှင်၊ တေးဂီတ၊ သဘင်၊ ဓာတ်ပုံ၊ အသံလွှင့်၊ အရုပ်လွှင့်စသည့် လူထုဆက်သွယ်ရေးနည်းလမ်းများအထိ အဆင်ပြေလျှင်ပြေသကဲ့သို့ အရည်အသွေးရှိလျှင်ရှိသလို ဤကဲ့သို့ ကူးပြောင်းနိုင်သည့် မီဒီယာခေတ်ကြီးကို ဝင်ရောက်လာပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး မီဒီယာခေတ်၏ အကိုင်းအခက် လက်တကက်ခွဲနည်းပညာများ ပေါ်ပေါက်လာခြင်းနှင့်အတူ စာပေများ ထုတ်ဝေမှုလုပ်ငန်းသည် စီးပွားရေး လုပ်ငန်းအသွင်ကိုလည်း ကူးပြောင်းလာခဲ့ကြောင်း၊ စာပေနှင့် အနုပညာလုပ်ငန်းများ ပျံ့နှံ့စေရန် ထုတ်လုပ်ဖြန့်ချိနိုင်ရေးအတွက် ငွေကြေးအရင်းအနှီးနှင့်အတူ စက်မှုနည်းပညာများကိုပါ ပေါင်းစပ်လုပ်ကိုင်လာကြရကြောင်း၊ ဤသို့သော အပြောင်းအလဲတွင် ခေတ်နှင့်အညီ လုပ်ငန်းသဘာဝ ပြောင်းလဲလာခဲ့သော်လည်း စာပေကပေးနိုင်သော အလိမ္မာနှင့် မူလအနှစ်သာရမှာ ထားရှိသင့်သည့် ရည်ရွယ်ချက်များ မပြောင်းလဲအပ်ကြောင်း၊ မပြောင်းလဲအပ်သဖြင့် ထိန်းသိမ်းသင့်သည့် အနှစ်သာရများထဲတွင် အမျိုးသားရေးရပ်တည်မှုဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှုများသည် ထိပ်ဆုံးကပါဝင်နေကြောင်း၊ ထို့ကြောင့် ဩဇာသက်ရောက်မှုကြီးမားသည့် စာပေသည် မည်သည့်နိုင်ငံတွင်မဆို အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ် တည်ရှိနေခြင်းပင်ဖြစ်ကြောင်း။

မြန်မာစာပေလောကသည် အနှစ်သာရများဖြင့် အစဉ်အလာကောင်းများ ရှိပြီးသားဖြစ်ကြောင်း၊ ယင်းတို့မှာ ရေးသားဖွဲ့ဆိုမှု အစဉ်အလာ၊ အသိအလိမ္မာပေးပြီး စည်းရုံးပညာပေးနိုင်သည့် အစဉ်အလာနှင့် တိုင်းကျိုးပြည်ပြု အစဉ်အလာတို့ဖြစ်ကြောင်း၊ မျက်မှောက်ခေတ် စာပေပညာရှင်နှင့် ကလောင်ရှင်များသည် ဤအစဉ်အလာများကို ထိန်းသိမ်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်နေမှုလမ်းကြောင်းဖြင့် စည်းဝါးညီညွတ်စွာ စာပေတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း။

မျက်မှောက်ခေတ်သည် နိုင်ငံတကာနှင့် ကူးလူးဆက်ဆံရသည့် ခေတ်ကာလဖြစ်သည့်အတွက် စာပေနှင့် စာနယ်ဇင်းလုပ်ငန်း နယ်ပယ်တွင် အခြားသော နိုင်ငံများနှင့် တန်းတူဆက်ဆံနိုင်ရန်အတွက် လက်ရာယှဉ်ပြိုင်မှုများ၊ အတွေးအခေါ် ယှဉ်ပြိုင်မှုများနှင့် အနုပညာရသ ယှဉ်ပြိုင်မှုများကို တရားသဖြင့် ပြုလုပ်နိုင်ရေး ကြိုးပမ်းအားထုတ်ကြရမှာဖြစ်ကြောင်း၊ မြန်မာတို့၏ ရပ်တည်မှုစိတ်ထားရပ်သွင်ကို နိုင်ငံတကာအထိ ထိုးဖောက်တင်ပြနိုင်စွမ်းရှိအောင် ရည်မှန်းပြီး အားထုတ်ရေးသား၊ ထုတ်ဝေ၊ ဖြန့်ချိကြဖို့အထိ လုပ်ဆောင်သွားကြရမှာဖြစ်ကြောင်း။

ယခုအချိန်တွင် စီးပွားရေး၊ စစ်ရေးနှင့် နည်းပညာသာလွန်သော နိုင်ငံကြီးအချို့က မြန်မာနိုင်ငံက ချမှတ်လျှောက်လှမ်းနေသည့် လမ်းကြောင်းနှင့် ဖွံ့ဖြိုးရေးတည်ဆောက် အောင်မြင်မှုများကို မသိကျိုးကျွန်ပြုပြီး စာပေနည်း၊ မီဒီယာနည်းတို့ဖြင့် ဖျက်လိုဖျက်ဆီး လုပ်ကိုင်လာနေကြခြင်းကို တွေ့ရကြောင်း၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများ ဗန်းပြပြီး မတရားဩဇာလွှမ်းမိုးဖို့ ကြိုးပမ်းလုပ်ဆောင်နေကြောင်း၊ ဤအန္တရာယ်သည် မြန်မာတို့ မြတ်နိုးစွာ တည်ဆောက်နေသော သွေးချင်းတို့၏ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားအားလုံး အသက်သွေးချွေးဖြင့် စွန့်စားရယူခဲ့သည့် လွတ်လပ်မှုအချုပ်အခြာအာဏာပိုင်မှုတို့ကိုပါ ပျက်ပြားယိမ်းယိုင်အောင် ပြုလုပ်နေသည့် အဓမ္မလုပ်ရပ်များဖြစ်သည်ကို သဘောပေါက်ကြရန်လိုကြောင်း၊ စာပေကလောင်ရှင်များ အနေနှင့်လည်း **"ဆိုရေးရှိက ဆိုအပ်စွတည့်"** ဆိုသည့်အတိုင်း အမှန်အကန်ဘက်က ရပ်တည်ပြီး ရေးသားကြဖို့ တာဝန်ရှိနေကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရကလည်း နိုင်ငံ၌ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများကို မကြုံစဖူး ခိုင်ခိုင်မာမာ တည်ဆောက်ပေးနေသကဲ့သို့ စိတ်ပိုင်းဆိုင်ရာဖြစ်သော စာပေယဉ်ကျေးမှုကိစ္စများကိုလည်း တည်တံ့ဖွံ့ဖြိုးအောင် အားပေးတည်ဆောက်ပေးနေခြင်းကို စာပေကလောင်ရှင်များ မျက်မြင်ဖြစ်ကြပါလိမ့်မည်။ **စာမျက်နှာ ၇ ကော်လံ ၃ သို့** ☆

နိုင်ငံတကာအထိ ထိုးဖောက်တင်ပြနိုင်အောင် အားထုတ်

- ➪ **မျက်မှောက်ခေတ်သည် နိုင်ငံတကာနှင့် ကူးလူးဆက်ဆံရသည့် ခေတ်ကာလဖြစ်။**
- ➪ **စာပေနှင့် စာနယ်ဇင်းလုပ်ငန်း နယ်ပယ်တွင် အခြားသော နိုင်ငံများနှင့် တန်းတူဆက်ဆံနိုင်ရန်အတွက် လက်ရာယှဉ်ပြိုင်မှုများ၊ အတွေးအခေါ် ယှဉ်ပြိုင်မှုများနှင့် အနုပညာရသ ယှဉ်ပြိုင်မှုများကို တရားသဖြင့် ပြုလုပ်နိုင်ရေး ကြိုးပမ်းအားထုတ်။**
- ➪ **မြန်မာတို့၏ ရပ်တည်မှုစိတ်ထားရပ်သွင်ကို နိုင်ငံတကာအထိ ထိုးဖောက်တင်ပြနိုင်စွမ်းရှိအောင် ရည်မှန်းပြီး အားထုတ်ရေးသား၊ ထုတ်ဝေ၊ ဖြန့်ချိကြဖို့အထိ လုပ်ဆောင်သွား။**

(2-7)03.P65 1 1/1/32, 9:30 AM

စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် အင်ဒိုနီးရှားနှင့် ရုရှားသဘောတူညီ

ဂျကာတာ ဇွန် ၃၀

အင်ဒိုနီးရှား စစ်ဘက်က ရုရှားမှ လက်နက်များနှင့် ယင်းလက်နက်များတွင် အသုံးပြုသည့် ပစ္စည်းပစ္စယများ ဝယ်ယူရေး အပါအဝင် စစ်ဘက်ကဏ္ဍတွင် နည်းပညာအရ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးအတွက် အင်ဒိုနီးရှားနှင့် ရုရှားတို့က သဘောတူညီထားကြသည်။

သဘောတူ

ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေးနှင့် ထိရောက်မှု အရှိန်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်း ဖော်ဆောင်ရေးအဖွဲ့ ထူထောင်ဖွဲ့စည်းရန်အတွက် ရုရှားကိုယ်စားလှယ်အဖွဲ့၏ အဆိုပြုချက်ကို အင်ဒိုနီးရှားက သဘောတူညီခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှအတွင်းရေးမှူးချုပ် ဆိုင်ယမ်ဆိုဒင်ကို ကိုးကား၍ အင်တာရာသတင်းဌာနကဖော်ပြသည်။

အဆိုပါ လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့များကို နှစ်နိုင်ငံမှ ကိုယ်စားလှယ်များက ဦးဆောင်မည်ဖြစ်ပြီး အဓိကကျသည့် ကိစ္စများကို ဆွေးနွေးကြမည် ဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ ဆွေးနွေးသည့် ကိစ္စများတွင် အစီအစဉ် ပူးပေါင်းဆောင်ရွက်ရေး၊ စာချွန်လွှာ လက်မှတ်ထိုးရေး၊ စာချုပ်ချုပ်ဆိုရေးနှင့် စက်မှုစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်လေ့ရှိသော ဂူဟန်မြို့ ယန်စီမြစ် နံဘေး၌ ပန်းပုရုပ်တုများ ထုလုပ်နေသည်ကို ဇွန် ၃၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရေနံအပေါ် မှီခိုမှု ဆွီဒင်လျှော့ချမည်

စတော့ဟုမ်း ဇွန် ၃၀

ရေနံသုံးစွဲမှုအပေါ် မှီခိုအားထားနေမှု ဖယ်ရှားရေး ရည်မှန်းချက်ဖြည့်ဆည်းလိုပါက ဆွီဒင်နိုင်ငံအနေဖြင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းတွင် ဓာတ်ဆီနှင့် ဒီဇယ်ဆီ အသုံးပြုမှု လျှော့ချဖြတ်တောက်သင့်ကာ စက်မှုလုပ်ငန်းတွင် ရေနံ လျှော့သုံးသင့်ပြီး အစားထိုးလောင်စာများ ပိုမိုအသုံးပြုသင့်ကြောင်း ဆွီဒင်အစိုးရအကဲဖြတ် အဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

ကမ္ဘာကြီးပူနွေးမှုလျှော့ချရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရန်၊ မြင့်တက်လာသည့် ရေနံဈေးနှုန်း၏ ဆိုးကျိုးသက်ရောက်မှုမှ သက်သာစေရန်နှင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်မှုစွမ်းရည်မြင့်မားလာစေရန် ၂၀၂၀ပြည့်နှစ်ထက်နောက်မကျဘဲ ဆွီဒင်နိုင်ငံက ရေနံအပေါ် အမှီအခိုပြုနေမှုအဆုံးသတ်ရန် မူဝါဒကို ဆွီဒင်အစိုးရက ချမှတ်ထားသည်။ရေနံအပေါ် မှီခိုကင်းရေးကော်မရှင်ကို လွန်ခဲ့သည့် ဒီဇင်ဘာလက ဖွဲ့စည်းခဲ့ပြီး ရည်မှန်းချက်သုံးရပ် ချမှတ်ထားခဲ့သည်။

ယင်းရည်မှန်းချက်များကိုအက်သနော၊ သီးနှံနှင့် သစ်တောထွက်ပစ္စည်းများမှ အစားထိုးလောင်စာ စွမ်းအင်ထုတ်လုပ်ပြီးဆီစားနည်းသည့်မော်တော်ယာဉ်များ ထုတ်လုပ်သွားခြင်းဖြင့် ဖော်ဆောင်နိုင်သည်ဟု အဆိုပါ ကော်မရှင်က ပြောကြားသည်။ ဆွီဒင်နိုင်ငံအနေဖြင့် လောင်စာစွမ်းအင်ထုတ်လုပ်ရန်အတွက်သီးပင်စားပင်များ ဟက်တာသုံးသိန်းမှ ငါးသိန်းအထိ စိုက်ပျိုးနိုင်သည်ဟု ယင်းကော်မရှင်က ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပါလက်စတိုင်းပြည်သူများအား အန္တရာယ်မပြုရန် ရုရှား ပြောကြား

မော်စကို ဇွန် ၃၀

အစ္စရေးအနေဖြင့် ဂါဇာကမ်းမြောင်ကိုစီးနင်းသိမ်းပိုက်ခဲ့ရာတွင် ပါလက်စတိုင်း အရပ်သားများကို အန္တရာယ်မပြုရန်နှင့် စစ်သွေးကြွများကလည်း ဖမ်းဆီးထားသည့် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးကို ပြန်လွှတ်ပေးပါရန် ရုရှားနိုင်ငံက ကြာသပတေးနေ့တွင် တိုက်တွန်းလိုက်ပြီး အစ္စရေးတပ်ဖွဲ့ဝင်ကို ဖမ်းဆီးမှုကြောင့် လက်ရှိပေါ်ပေါက်နေသည့် ပြဿနာ ပိုမိုကြီးထွားလာစေနိုင်သည်ဟု ပြောကြားသည်။

အစ္စရေးက ဆီးရီးယားသမ္မတ ဘာရှာ အယ်လ်အာဆတ်၏ နန်းတော်အနီးသို့ စစ်လေယာဉ်များ စေလွှတ်မှုနှင့် စပ်လျဉ်း၍ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မီခေးကာမီယင်က ဝေဖန်ပြောကြားပြီး နိုင်ငံတစ်နိုင်ငံ၏ လေကြောင်းပိုင်နက်သို့မဟုတ် မြေပိုင်နက် အတွင်းသို့ ချိုးဖောက်ဝင်ရောက်မှုဖြစ်၍ လုံးဝလက်ခံနိုင်စရာမရှိဟု ထပ်လောင်းပြောကြားသည်။

အစ္စရေး ပြည်သူပြည်သားများ၏ လုံခြုံရေးနှင့်အသက်အန္တရာယ်ကာကွယ်ရန်အတွက်အစ္စရေး အစိုးရတွင် တာဝန်နှင့် အခွင့်အရေးရှိသည်မှာ သံသယဖြစ်စရာမလိုဟု ၎င်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သို့ရာတွင် ယင်းသို့ကာကွယ်ရာတွင် ငြိမ်းချမ်းစွာ နေထိုင်လိုသည့် ပါလက်စတိုင်းပြည်သူများ၏ အသက်သွေးများကို စတေးကာ ပါလက်စတိုင်းပြည်သူများအတွက် အန္တရာယ်ရှိပြီး ဆိုးကျိုးဖြစ်ထွန်းစေသည့် ပြင်းထန်သောတိုက်ခိုက်မှုများကို အရင်းပြု၍ မပြုလုပ်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လာအိုနိုင်ငံတွင် တည်ဆောက်လျက်ရှိသော နမ်သွန်လျှပ်စစ် ဓာတ်အားပေး စက်ရုံကို ဇွန် ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်မှု မပြုရန် သံတမန်များအား ဘင်္ဂလားဒေ့ရှ်သတိပေး

ဒါကာ ဇွန် ၃၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရွေးကောက်ပွဲ မကြာမီကျင်းပတော့မည့်ကိစ္စအပေါ် ဘင်္ဂလားဒေ့ရှ်အစိုးရက စိုးရိမ်မကင်းရှိနေကြောင်း ထုတ်ဖော်ပြောကြားလိုက်ပြီး ပြည်ပသံတမန်များအပေါ် ပြင်းထန်သည့် ဝေဖန်မှုများပြုလုပ်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏နိုင်ငံရေးကိစ္စတွင်ဝင်ရောက်စွက်ဖက်မှု မပြုလုပ်ရန် ပြည်ပသံတမန်များကိုပြောကြားသည်။

ပြည်ပသံတမန်များက ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၂၀၀၇ ခုနှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲနှင့် ဘင်္ဂလားဒေ့ရှ်၏ နိုင်ငံရေးအခြေအနေတို့ကို ဆွေးနွေးရန်အတွက် အဓိက အတိုက်အခံပါတီ အဝါမီလိဂ်မှ ခေါင်းဆောင်များနှင့် မကြာမီကတွေ့ဆုံခဲ့သည်။

ဘင်္ဂလားဒေ့ရှ် ရွေးကောက်ပွဲ အကောင်းဆုံး ဖြစ်စေရန်အတွက် နိုင်ငံတကာညီလာခံတစ်ရပ်ဖွဲ့စည်းလိုကြောင်း ၎င်းတို့ကပြောကြားကြကြောင်း၊ သို့ရာတွင် ဘင်္ဂလားဒေ့ရှ်အစိုးရက ကန့်ကွက်ခဲ့ပြီးနောက် အဆိုပါ အစီအစဉ် ပျက်ပြားခဲ့ရကြောင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက ပြောကြားသည်။

ရွေးကောက်ပွဲကျင်းပရေး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံရေး သို့တည်းမဟုတ် ဘင်္ဂလားဒေ့ရှ်အစိုးရပုံစံတို့သည် ပြည်ပသံတမန်များ၏ အလုပ်မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး အန်မော်ရှက်ခန်းက ဒေသခံ မီဒီယာသတင်းဌာနမှ သံတမန် သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မောင်းသူမဲ့ လေယာဉ်တစ်စင်း အီရတ်တောင်ပိုင်းတွင် ပျက်ကျ

တိုကျို ဇွန် ၃၀

ဂျပန်မြေပြင် ကာကွယ်ရေး တပ်ဖွဲ့များ၏ မောင်းသူမဲ့ လေယာဉ်တစ်စင်းသည် စောင့်ကြည့်လေ့လာရေးလှုပ်ရှားမှု ပြုလုပ်နေစဉ်အတွင်း အီရတ်နိုင်ငံ တောင်ပိုင်းတွင် ပျက်ကျသွားကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ပျက်ကျ

၃ ဒသမ ၆ မီတာ ရှည်လျားသည့် အဆိုပါ လေယာဉ်သည် ဂျပန်ကာကွယ်ရေး တပ်ဖွဲ့စခန်း အနီးမြေကွက်လပ်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလေယာဉ် ပျက်ကျမှုကြောင့် ဒေသခံ ပြည်သူများနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုသတင်းမရရှိခဲ့ကြောင်း ကာကွယ်ရေးဦးစီးချုပ် ဟာဂျီမီမာဆာကီက တိုကျိုတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဒေါ်လာ သုံးဘီလီယံ လိမ်လည်မှုလူ ၃၀ ကို စပိန် ရဲတပ်ဖွဲ့ ဖမ်းဆီး

မဒရစ် ဇွန် ၃၀

စပိန်နိုင်ငံတောင်ပိုင်း မာဘီလာမြို့၌ အမေရိကန်ဒေါ်လာ သုံးဘီလီယံ လိမ်လည်မှုနှင့် ဆက်နွှယ်နေသူ ၃၀ ကို စပိန်ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ဖမ်းဆီးခဲ့သည်။

ဖမ်းဆီး ထိန်းသိမ်းထားသူများ တွင် အုပ်ချုပ်ရေးဌာနမှ ယခင် မြို့တော်ကောင်စီဝင် ၁၃ ဦးနှင့် အခြား အထက်တန်းအရာရှိများ ပါဝင်သည်။

ထိန်းသိမ်း ခံထားရသူ ၃၀ သည် စာရိတ္တပိုယွင်းမှု၊ လာဘ်စားမှုနှင့် ငွေမည်းများခဝါချမှု စသည့်စွဲချက်များနှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟု ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်နိုင်ငံ ဆီယယ်လ်ကွတ်မြို့ရှိ ဘောလုံးထုတ်လုပ်ရေးစက်ရုံ လုပ်ငန်းခွင် တစ်နေရာကို ဇွန် ၃၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိပ်မပျော်သည့်ရောဂါကုသရေး အကြံပေးဆွေးနွေးခြင်းက ပိုမိုထိရောက်ဟုဆို

နယူးယောက် ဇွန် ၃၀

အိပ်မပျော်သည့် နာတာရှည်ရောဂါဝေဒနာခံစားနေရသည့် သက်ကြီးရွယ်အိုများအား ဇိုပီကလုန်း ဆေးဝါးဖြင့်ကုသမှုပေးနေခြင်းထက် ၎င်းဝေဒနာရှင်များ၏ တွေးခေါ်ပုံ နှင့်အမူအကျင့် ပြုပြင်ပြောင်းလဲသော အခန်းကဏ္ဍကို အလေးထားကုသသော အကြံပေးဆွေးနွေးသည့် နည်းလမ်းသည် ပိုမိုထိရောက်မှုရှိကြောင်း၊ ဇိုပီကလုန်းဆေးဝါးသည် အိပ်မပျော်သည့်ရောဂါကုသရာတွင် ဝေဒနာရှင်စိတ်ကျေနပ်စေရန် ဖြေသိမ့်ကုသသည့် ဆေးဝါးလောက် ထိရောက်မှုမရှိဘဲ သကြားအုပ်ထားသော ဆေးဝါးသက်သက်သာဖြစ်ကြောင်း လေ့လာတွေ့ရှိချက် စစ်တမ်းတစ်ရပ်အရ သိရှိရသည်။

အင်မိုဗိန်းအမည်ဖြင့် ရောင်းချနေသည့် ဇိုပီကလုန်းဆေးဝါးသည် စိတ်ငြိမ်ဆေးတစ်မျိုးပင်ဖြစ်သည်။ အဆိုပါဆေးဝါး အသုံးပြုနေစဉ် အလွန်အမင်းအိပ်ငိုက်မှု မဖြစ်စေရန်အတွက် အခြားစိတ်ငြိမ်ဆေးများနှင့် အရက်များကို မစားမသောက်ဘဲ ရှောင်ကြဉ်သင့်သည်ဟု စစ်တမ်းတွင် ဖော်ပြသည်။

ဆိုးကျိုးသက်ရောက်

ယင်းဆေးဝါး၏ တန်ပြန်ဆိုးကျိုးသက်ရောက်မှုမှာ သက်ကြီးရွယ်အိုများတွင် စိတ်ရှုပ်ထွေးမှု၊ စိတ်မတည်မငြိမ်ဖြစ်မှုနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လိုစိတ် ကုန်ခန်းလာမှုတို့ပင်ဖြစ်သည်ဟု ဆိုသည်။

အကဲဖြတ်

အမေရိကန် ဆေးဝါးဆိုင်ရာအဖွဲ့၏ ဂျာနယ်တစ်စောင်တွင် ရေးသား ဖော်ပြခဲ့သည့်အတိုင်း အကြံပေးကုသသောနည်းနှင့် ဇိုပီကလုန်းစိတ်ငြိမ်ဆေးဖြင့်ကုသခဲ့သည့် အသက် (၅၅) နှစ် အရွယ်ရှိ အိပ်မပျော်ရောဂါဝေဒနာရှင်၏ ရလဒ်ကို အခြေပြုကာ သုတေသီများက အကဲဖြတ်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အင်ဒိုနီးရှားသို့ ကယ်ဆယ်ရေးပစ္စည်း ကူဝိတ်ပေးပို့

ကူဝိတ်စီးတီး ဇွန် ၃၀

အင်ဒိုနီးရှားနိုင်ငံ ငလျင်ဒဏ်ခံရသော ဂျာဗားကျွန်းသို့ ကူဝိတ်လခြမ်းနီအသင်း (ကေအာရ်စီအက်စ်)က ပေးပို့သော ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်ထားသည့် တတိယမြောက် လေယာဉ်သည် ဂျာဗားကျွန်းသို့ ရောက်ရှိပြီးဖြစ်ကြောင်း ကူဝိတ် သတင်းဌာန (ကေယူအင်အေ)က အင်္ဂါနေ့တွင် ထုတ်လွှင့်ခဲ့သည်။

ကျောင်းသားအယောက် ၁၀၀၀ အပါအဝင် ပြည်သူ ၁၇၀၀၀အတွက် ကယ်ဆယ်ရေးပစ္စည်းများကို ယခင်က နှစ်ကြိမ်ပေးပို့ထားပြီးဖြစ်ကြောင်း၊ ပေးပို့ထားသောပစ္စည်းများတွင် စားပွဲခုံ ၅၀၀၊ စာအုပ်နှင့် ကျောင်းသုံးပစ္စည်းများ ပါဝင်ကြောင်း ကေအာရ်စီအက်စ်မှ တာဝန်ရှိသူ ဂျက်စစ်စမ်ကွမ်ဘာက ကေယူအင်အေသတင်းဌာနသို့ ပြောကြားသည်။

ပြောင်းရွှေ့နေထိုင်သူများအတွက် ယာယီတဲအလုံး ၅၀၀ ကိုလည်း ဆောက်လုပ်ပေးခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဘာတမ်မြို့တွင် စစ်ရေးလေ့ကျင့်နေသော ရဲတပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန်၌ ဘူတာရုံ မီးလောင်

လန်ဒန် ဇွန် ၃၀

ဗြိတိန်နိုင်ငံလန်ဒန်မြို့တော်၏ အစည်ကားဆုံးဘူတာရုံများတွင် ပါဝင်သည့် ဘူတာရုံတစ်ရုံတွင် မီးလောင်မှုဖြစ်ပွားပြီးသွားလာမှုရပ်ဆိုင်းခဲ့မှုကြောင့် ထောင်ချီရှိသောရထားစီးခရီးသည်များမှာ သွားလာမှုနှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ကင်းခရော့စ်အမည်ရှိ ဘူတာရုံအနီးအဆောက်အအုံတစ်ခု မီးလောင်ခဲ့ပြီးနောက် အဆိုပါ ဘူတာရုံမှ ရထားအသွားအလာများ တနင်္လာနေ့တွင် ရပ်ဆိုင်းထားခဲ့သည်။

ထောင်ချီရှိသည့် ရထားစီးခရီးသည်များသည် အခြားရထားများနှင့်ဘတ်စ်ကားများကို ပြောင်းစီးရာတွင် အခက်အခဲ တွေ့ခဲ့ကြရသည်။

မီးသတ်သမားများက မီးလောင်မှု ဖြစ်ပွားသည့်နေရာတစ်ဝိုက်တွင် မီတာ ၂၀၀ရှိ အထူးဒေသတစ်ခုသတ်မှတ်ပြီး လူပေါင်း ၁၀၀ခန့်ကို၎င်းတို့၏ နေအိမ်များမှ ယင်းနေရာသို့ရွှေ့ပြောင်းပေးခဲ့သည်။ ဓာတ်ငွေ့ဘူးများမီးလောင်ရာတွင် ပါသွားသဖြင့် ပေါက်ကွဲမည်စိုးရိမ်ရမှုကြောင့် အဆိုပါဘူတာရုံကို အင်္ဂါနေ့သို့မဟုတ် ဗုဒ္ဓဟူးနေ့မတိုင်မီအထိ ဆက်လက်ပိတ်ထားမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် လူနေရပ်ကွက်များ၌ ရေလွှမ်းမိုးနေသည်ကို ဇွန် ၂၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၌ မိုးသည်းထန် ရေလွှမ်းမိုး၍ လူကိုးဦးသေဆုံး

ဖီလာဒယ်ဖီးယား ဇွန် ၃၀

အမေရိကန်ပြည်ထောင်စုအရှေ့ပိုင်းတွင် နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ဆယ်စုနှစ် များစွာအတွင်း အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာလူကိုးဦးထက်မနည်းသေဆုံးခဲ့ပြီး လူများထောင်ချီ၍ ၎င်းတို့ အိမ်များမှ ထွက်ပြေးခဲ့ရသည်။

မိုးသည်းထန်မှုကြောင့် လမ်းများ ရေလျှံကာ တိုက်စားသွားပြီး ရေများ တရိပ်ရိပ် တက်လာနေရာ နယူးဂျာစီ၊ နယူးယောက်နှင့်ပင်ဆီဖေးနီးယားဒေသတစ်ဝန်းတွင် အာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင် အရေးပေါ်ဒေသများအဖြစ် ကြေညာခဲ့သည်။ ဗာဂျီးနီးယားမှ နယူးယောက်သို့သွားရာ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်လည်း ရေလွှမ်းမိုးမှု အဆိုးရွားဆုံး ဖြစ်ပွားခဲ့သည်။

ဆပ်စကွေဟင်နာမြစ်ရေသည် စိုးရိမ်ဖွယ် ရေအမှတ်အထိ မြင့်တက်နေသဖြင့် ဝီလ်ကီဘာရီ၊ ပင်ဆီဖေးနီးယားနှင့် အနီးအနားတစ်ဝိုက်ရှိ ဒေသများမှ လူ ၂၀၀၀၀၀တို့အား ၎င်းတို့၏ နေအိမ်များမှ ဗုဒ္ဓဟူးနေ့ညတွင် ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ထားသည်ဟု ဒေသခံတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောကြားသည်။

အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က မြို့တွင်းရှိ အိမ်များ၏ ခေါင်မိုးပေါ်တွင် သောင်တင်နေသူ ၇၀ ကို ရဟတ်ယာဉ်များဖြင့် ကယ်တင်ခဲ့ကြရသည်။

အမျိုးသားရာသီဥတု ခန့်မှန်းရေးအဖွဲ့က အမေရိကန်ပြည်ထောင်စုတစ်ဝန်း လူကိုးဦးသေဆုံးကြောင်း ဖော်ပြသည်။ အုပ်ချုပ်ရေးမှူးဘဝဖြင့် ၁၂ နှစ်တာ လုပ်ကိုင်ခဲ့သည့်ကာလအတွင်း အဆိုးရွားဆုံးသော ရေလျှံမှုဖြစ်ကြောင်း နယူးယောက် အုပ်ချုပ်ရေးမှူးဖြစ်သူ ဂျော့ဂျ်ပါတာကီက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဇမ်ဘီယာတွင် ကလေးများ မူးယစ်ဆေးဝါးသုံးစွဲမှု တိုးပွားနေ

လူဆာကာ ဇွန် ၃၀

ကလေးငယ်များ မူးယစ်ဆေးဝါး အလွဲအသုံးပြုမှုများနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု တိုးပွားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်ရကြောင်းဇမ်ဘီယာအစိုးရကထုတ်ဖော်ပြောကြားမှုနှင့်အတူ ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ကမ္ဘာတစ်ဝန်းရှိ အခြားနိုင်ငံများနည်းတူ တနင်္လာနေ့တွင် ကျင်းပသည်။

စိုးရိမ်ပူပန်ရ

ကလေးသူငယ်များ မူးယစ်ဆေးဝါး အသုံးပြုမှုနှင့်အတူ မူးယစ်ဆေးဝါး မှောင်ခိုမှုများ တိုးပွားလာမှုအပေါ် မိမိတို့ စိုးရိမ်ပူပန်ရကြောင်း၊ မူးယစ်ဆေးဝါး တရားမဝင် မှောင်ခိုရောင်းဝယ်ဖောက်ကားမှုကြောင့် ပေါ်ပေါက်လာသည့်ဆိုးကျိုးများကို ကာကွယ်ရန်အတွက် မိမိတို့ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်နေကြောင်း ဇမ်ဘီယာပြည်ထဲရေးဒုတိယဝန်ကြီးဖြစ်သူ ဂျတ်စတင်ချီလုဖရာက ပြောကြားသည်။

၂၀၀၄ ခုနှစ်မှ ယနေ့အထိ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားရေးဆိုင်ရာ ပြစ်မှုအသီးသီးဖြင့် အသက် ၁၁ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကလေးငယ် ၂၅၂ ဦးခန့်ကို ဇမ်ဘီယာမူးယစ်ဆေးဝါး တိုက်ဖျက်ရေးကော်မရှင်(ဒီအီးစီ)က ဖမ်းဆီးခဲ့သည်ဟု အစိုးရ စာရင်းဇယားများအရ သိရသည်။ လွန်ခဲ့သည့်နှစ်မှ ယနေ့အထိ မူးယစ်ဆေးဝါးပြစ်မှုများကြောင့် ဖမ်းဆီးရရှိခဲ့သည့် အသက် ၁၂ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကလေးငယ် ၂၄ ဦးတို့ကို အဆိုပါ အဖွဲ့က အကြံဉာဏ်ကောင်းများပေးကာ ၎င်းတို့၏ဘဝကို ပြန်လည်ထူထောင်ပေးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် နွားရိုင်းသတ်ပွဲတစ်ခုကို ဇွန် ၂၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရန်၌ မြေငလျင်လှုပ်

တီဟီရန် ဇွန် ၃၀

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ဗုဒ္ဓဟူးနေ့က ပြင်းအား ရစ်ချ်တာစကေးအဆင့် ၄ ရှိ ငလျင်လှုပ်သွားကြောင်း အိုင်အာရ်အင်အေ သတင်းဌာနက ဖော်ပြသည်။

ကက်ဇ်ဗင်ပြည်နယ် အနောက်မြောက်ပိုင်း အာဗာမြို့အနီးတွင် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၁ မိနစ်က မြေငလျင်လှုပ်သွားကြောင်း အဆိုပါ သတင်းဌာနက ဖော်ပြသည်။

ငလျင်လှုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ဒဏ်ရာရရှိမှုကို သတင်းမရရှိပေ။ ***အမ်အင်အေ၊ ဆင်ဟွာ။***

၂၀၀၆ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

အမျိုးသမီးများဘဝ ဖွံ့ဖြိုးမို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

ရိုရိုမြင့်
(သတင်းစဉ်)

မြန်မာအမျိုးသမီးများသည် ရိုးရာဓလေ့အရ ယဉ်ကျေးသိမ်မွေ့ကြ၍ မိမိမျိုးနွယ်နှင့် အမျိုးသားယဉ်ကျေးမှုကို စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ကြရာတွင် စံနမူနာယူထိုက်သူများဖြစ်ကြပေသည်။

မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်က အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ကြပြီး မြန်မာအမျိုးသမီးများကိုယ်တိုင် ဦးဆောင်၍ အမျိုးသမီးများ၏ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ရန်၊ လုပ်ငန်းသဘာဝချင်းတူညီသည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တာဝန်ယူဆောင်ရွက်ရန်၊ အမျိုးသမီးများဆိုင်ရာ စေတနာ့ဝန်ထမ်း၊ လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် မြန်မာအမျိုးသမီးများကဏ္ဍ လုပ်ရှားဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ရည်ရွယ်ချက်ခုနစ်ရပ်၊ အခြေခံမူ လေးရပ်တို့ဖြင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ထူထောင်ဖွဲ့စည်းခဲ့ပေသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာအမျိုးသမီးများဘဝ လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသလို တစ်ဖက်မှလည်း နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး အခန်းကဏ္ဍများတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ကျရာနေရာများမှ တက်တက်ကြွကြွ ညီညီညွတ်ညွတ်ဖြင့် တာဝန်ယူဆောင်ရွက်နေကြသည်ကို တွေ့ရပေသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် စည်းရုံးရေးရာဌာနကြီး၊ စီမံရေးရာဌာနကြီး၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီး၊ ဘဏ္ဍာရေးရာဌာနကြီး၊ ပြန်ကြားရေးရာဌာနကြီးနှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးဟူ၍ ဌာနကြီးခြောက်ခုနှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ အမျိုးသမီးကြီးများ လူနေမှုဘဝ မြှင့်တင်ရေး လုပ်ငန်းအဖွဲ့၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ ခြောက်ဖွဲ့တို့ကို ဖွဲ့စည်းထားပေးပြီးအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေကြပေသည်။

ထို့အပြင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအဆင့်အထိ အမျိုးသမီးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး လိုအပ်ချက်များကို နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်များနှင့်အညီ လုပ်ငန်းများအလိုက် အောက်ခြေအထိ အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေသည်။

ကြိုးပမ်းဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အမျိုးသားများနည်းတူ တန်းတူညီမျှ ပါဝင်ဆောင်ရွက်ခဲ့ကြပေသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ဗဟိုမှ အောက်ခြေအဆင့်အထိ အဖွဲ့ဝင်များတိုးတက်ရေးနှင့် အရည်အသွေးတိုးတက်ရေးတို့ကို လေ့ကျင့်ဆောင်ရွက်ပေးပြီး နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရေး၊ ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုချီးမြှင့်ရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ အသေးစားချေးငွေလုပ်ငန်း(Micro Credit Scheme)အတွက် အရင်းမပျောက် ရန်ပုံငွေများ မတည်ပံ့ပိုးပေးအပ်ခြင်း၊ စာပေအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ အမျိုးသမီးများဆိုင်ရာ ဗဟုသုတများ တိုးပွားစေရန် အမျိုးသမီးကဏ္ဍ စာပေဟောပြောပွဲများကို နိုင်ငံတကာ အမျိုးသမီးအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ အမျိုးသမီးရေးရာလုပ်ငန်းများကို ညီညီညွတ်ညွတ် ဆောင်ရွက်ခဲ့ကြပေသည်။

ပြန်ကြားရေးရာဌာနကြီးအနေဖြင့် စံပြကျေးရွာများသို့သွားရောက်၍ ကျေးရွာစာကြည့်တိုက်များအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အနေဖြင့် လည်းကောင်း၊ ပြန်ကြားရေးရာဌာနကြီးအနေဖြင့် လည်းကောင်း စာအုပ်စာစောင်၊ မဂ္ဂဇင်း၊ စာစောင်မျိုးစုံတို့ လှူဒါန်းသည့်အပြင် စာသင်ကျောင်းများအတွက် အလှူငွေနှင့် သင်ကြားရေးအထောက်အကူပစ္စည်းများကို ဝန်ကြီးဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ သွားရောက်လှူဒါန်းခဲ့ကြသည်။

အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ကလည်း Counselling Training ရက်တိုသင်တန်းများ ဖွင့်လှစ်ပေးပြီး အမျိုးသမီးငယ်များအား နှစ်သိမ့်ဆွေးနွေးခဲ့ကြပါသည်။

ယခုအချိန်တွင် ကမ္ဘာတစ်ဝန်းကူးစက်ပျံ့နှံ့လာသော လူကုန်ကူးမှု ပြဿနာသည် ပြည်တွင်းသာမက နိုင်ငံဖြတ်ကျော်လာမှုကြောင့် အမျိုးကောင်းသမီးလေးများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ အသိပညာပေး ဟောပြောခြင်းများ၊ အမျိုးသမီးထုနှင့် အပြန်အလှန် ထိရောက်စွာ ဆွေးနွေးပြောဆိုနိုင်သော စကားဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းဖြင့် အမျိုးသမီးထု သိသင့်သိထိုက်သော အသိပညာ၊ ဗဟုသုတများကို ပေးစွမ်းနိုင်ခဲ့ပါသည်။

ငင်းအပြင် ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ် အကောင်အထည်ဖော်ရာတွင် အခြေခံရမည့် လုပ်ငန်းစဉ်များဖြစ်သည့် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ အိမ်နောက်ဖေး ဈေးဆိုင်တည်ခြင်း၊ အသေးစားချေးငွေထုတ်ချေးခြင်း၊ ပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်း၊ စာစီစာကုံးပြိုင်ပွဲများပြုလုပ်ပေးခြင်း၊ ရာသီအလိုက် ရိုးရာပွဲတော်များ ပါဝင်ဆင်နွှဲခြင်း၊ အဖွဲ့ဝင်အချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုရရှိရန် ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ နေ့ကြီးရက်ကြီးများတွင် ကျင်းပသော လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုကျူးလွန်သူများနှင့် ပတ်သက်၍ သွေးဆောင်ဖြားယောင်း ခိုးယူမှုများကို ထိရောက်စွာ စုံစမ်း ဖော်ထုတ်လျက်ရှိသော ဌာနဆိုင်ရာများအား ပူးပေါင်းကူညီခြင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့်၍ ကြိုးပမ်းဆောင်ရွက်ခြင်း၊ လူမှုရေးအခက်အခဲကြုံတွေ့နေသော အမျိုးသမီးများအား နှစ်သိမ့် ဆွေးနွေးပညာပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း၊ လူမှောင်ခိုကူးခြင်းခံရသော အမျိုးသမီးများနှင့် ကလေးများအား ပြန်လည်ထူထောင်ရေးနှင့် မိသားစုထံ ပြန်လည်ပို့ဆောင်အပ်နှံခြင်းကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အမျိုးသမီးငယ်ရွယ်များသည် အနာဂတ်မျိုးဆက်သစ်များဖြစ်သဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုတို့ကို မြတ်နိုးတတ်စေရေးတို့ကို လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်စေခြင်းဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများဘဝ လုံခြုံရေးတို့အတွက် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို မိမိနိုင်ငံ ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ နိုင်ငံတကာ အဖွဲ့အစည်း များနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

ထို့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်များဖြင့် တက်တက်ကြွကြွ ဆောင်ရွက်ခဲ့သည်မှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စေတနာပြယုဂ်ပင်ဖြစ်ပါကြောင်း မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2006

ဇွန် ၃၀ ရက်က တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏စီစဉ်မှုဖြင့် ရပ်ကွက်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များက အောင်မင်္ဂလာလမ်း အမက(၅)တွင် ကျောင်းအတွင်း အမှိုက်ကင်းစင်ရေးအတွက် လှူ့ဆော်ရေးပိုစတာစိုက်ထူကြစဉ်။ (က-ပ)

ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၁

ဗောဓိမြိုင်ဓမ္မရသစာစုအဖွဲ့၏ “နေကွန္ဓမ္မပါရမီဟူသည်မှာ” ဆောင်းပါးပြိုင်ပွဲမှ ဆုရရှိသောပုဂ္ဂိုလ်များအား ဆုချီးမြှင့်ပွဲကို ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး သက်တော်(၆၅)နှစ်ပြည့် မွေးနေ့ဖြစ်သည့် ဇူလိုင် ၁၀ ရက်(တနင်္လာနေ့) နံနက် ၈ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက် ပြည်သာယာလမ်း အထက(၂)ကျောင်းအနီးရှိ သာသနာ့အလင်းရောင်မြတ်စွာဘုရား တန်ဆောင်းတော်၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ပုဂ္ဂိုလ်အားလုံးထံ ဖိတ်စာများပေးပို့ထားပြီးဖြစ်ရာ မရရှိပါက ဆရာချစ်ဦးညို ဖုန်း-၂၉၉၇၇၃၊ ဦးသိန်းဦး ဖုန်း-၅၆၅၁၈၉၊ ဦးထွန်းအေး ဖုန်း-၅၇၇၇၈၀၊ ဦးမြင့်ဇော် ဖုန်း-၀၉၈၀၂၀၄၂၂ တို့ထံ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ဆုရရှိသူများမှာ ပထမဆု မော်ကျွန်းအရှင်ပဏ္ဍိတ၊ ဒုတိယဆု ကဥ္စန(စွန်းလွန်း)၊တတိယဆု ကိုရင်တန်နှင့် မောင်ချမ်းသာ(ထားဝယ်)တို့ ဖြစ်ကြောင်းသိရသည်။

(က-ပ)

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်(၁၀)ရပ်ကွက် ခြံစည်းရိုးကြက်ဆူပင် ၁၅၀၀စိုက်ခင်းတွင် ပေါင်းသင်ရှင်းလင်းခြင်းလုပ်ငန်းကို ဇွန်၂၃ရက်က ရပ်ကွက်ဥက္ကဋ္ဌဦးကျော်မြင့်နှင့်လူမှုရေးအသင်းအဖွဲ့များကဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးငွေစန်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုးနှင့်အဖွဲ့ကြည့်ရှုအားပေးစဉ်။(က-ပ)

တွဲလက်ညီညာ မျိုးမြန်မာ

ဒို့မြန်မာအမျိုးသမီး
ဂုဏ်ကြီးသည့်စွမ်းရည်၊
ချီးကျူးဖွယ်စုံညီ
ခေတ်မီ၍ဖွံ့ဖြိုး၊
မြန်ပြည်နဲ့မွေးပျံ့လှိုင်သည်
ဘဝဂ်တိုင်လွှမ်းခြုံလို့မိုး၊
ယဉ်ကျေးမှုစဉ်အလာ
လိုက်နာသူလူမျိုး၊
ဒို့နိုင်ငံပြည်အကျိုးကိုလ
ဒို့သယ်ပိုးစွမ်းဆောင်၊
တိုင်းပြည်နယ်သွယ်သွယ်စခန်းမှာ
တူညီလှမ်း လှမ်းကြမယ်မောင်၊
ရည်မှန်းချက်ပေါ်လွင်အောင်
ဒို့ကြံဆောင်ရပ်မနားပါဘု
ဖွဲ့အားနဲ့ပွားထက်သန်မှာ
တွဲလက်ညီညာ
စည်းလုံးလို့ပြည်သာမည်
နောင်ရှည်ကြာတည်တံ့လိမ့်လေး။

[၂၀၀၆ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်]

ဝင်းမြအေး

☆ စာမျက်နှာ ၃ မှ

ဤလုပ်ငန်းများထဲတွင် နိုင်ငံ၌ စာပေရေးသားသူများ ပွားများအောင် အားပေးသည့်အနေနှင့် စာမူဆုနှင့် စာပေဆုများကိုလည်း နှစ်စဉ် ချီးမြှင့်ပေးနေခြင်းကို စာပေကလောင်ရှင်များ သိရှိပြီးဖြစ်ကြောင်း၊ အမျိုးသားစာပေဆု ၁၄မျိုးအပြင် စာပေလုပ်ငန်းကို တစ်သက်တာလုံး သစ္စာရှိစွာ ဆောင်ရွက်ခဲ့သည့် ဝါရင့် ပညာရှင်များထဲကလည်း တစ်သက်တာစာပေဆုများကိုလည်း ရွေးချယ်ချီးမြှင့်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေနှင့် ဝိဇ္ဇာထူးချွန်ဆုတံဆိပ်များ ချီးမြှင့်ခြင်းသည်လည်း စာပေအပါအဝင် အသိပညာရှင်များကို အားပေးထောက်ကူသည့်လုပ်ငန်း ဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးလာနေသော လူထုဆက်သွယ်ရေးနည်းလမ်းများနှင့်အညီ စာပေရေးသားသူများနှင့် အနုပညာဖန်တီးသူများအတွက် သက်မွေးဝမ်းကျောင်းဖူလုံစေရန် လုပ်ငန်းဆက်ဆံမှုများ စနစ်တကျဖြစ်စေရေးနှင့် အမျိုးသားစာပေအနုပညာများ ဖွံ့ဖြိုးစေရေးအတွက် မူပိုင်ခွင့် ဗဟုသုတများရရှိအောင် ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဗဟုသုတတိုးပွားရေး အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများကို အလျဉ်းသင့်သလို ကျင်းပပေးနေကြောင်း၊ အသိဉာဏ်ဖြင့်ယှဉ်ပြီး ရသမြောက်လက်ရာများကို ဖန်တီးပြုစုအားထုတ်ရသည့်သူများ နယ်ပယ်အလိုက် အချင်းချင်းပေါင်းစပ်မိပြီး နိုင်ငံ၌ အနုပညာအရပ်ရပ် ဖွံ့ဖြိုးစေရေးနှင့် ခေတ်မီဥပဒေများ ပေါ်ပေါက်ပြဋ္ဌာန်းကျင့်သုံးရေး ကြိုတင်ပြင်ဆင်နေသည့်လုပ်ငန်းများ ဆောင်ရွက်နေသည်ကိုလည်း အသိပေးချင်ကြောင်း။

စာရေးသူများ၏လက်ရာကို ဖတ်ရှုရသည့် တိုင်းရင်းသားပြည်သူ စာဖတ်ပရိသတ်များ အသိပညာရရှိရန်အတွက် စာကောင်းပေမွန်များ ပေါ်ထွက်ရေးသည် အရေးကြီးပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်မှာရှိသည့် စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ရေးဌာနအနေဖြင့်လည်း ထုတ်ဝေမှုလုပ်ငန်းများ အဆင်ပြေချောမွေ့ပြီး စာကောင်းပေမွန်များ ပေါ်ထွက်ရေး ရည်ရွယ်ချက်ဖြင့် စိစစ်အားပေးနေသည်ကို တွေ့နိုင်ကြောင်း။

စာဖတ်ပရိသတ်များ စာဖတ်ကျင့်ရရေး၊ ဖတ်စရာစာစောင်စာအုပ်များနှင့် လက်လှမ်းမီရေးအပြင် စာပေကတစ်ဆင့် မှန်ကန်သော အသိပညာများရရှိရေး အတွက် တိုင်းနှင့်ပြည်နယ်အလိုက် ကျေးရွာအဆင့်အထိ စာကြည့်တိုက်များ ဖွင့်လှစ်မှုအရှိန်ရရန် ပြန်ကြားရေးဝန်ကြီးဌာနက ကူညီထူထောင်ပေးနေသော လုပ်ငန်းမှာ တစ်ပြည်လုံးအတွက် ယခုအခါ ကျေးလက်စာကြည့်တိုက်ပေါင်း ငါးသောင်းကျော် (၅၅၁၄၇) ရှိပြီဖြစ်ပါကြောင်း၊ စာကြည့်တိုက်များကတစ်ဆင့် အရွယ်မရွေး လူသားအရင်းအမြစ် ဖွံ့ဖြိုးအောင် ပြုလုပ်နိုင်ရေးကိစ္စမှာ စာရေးသူများ၏စေတနာနှင့် ကြိုးစားအားထုတ်မှုအပေါ် မူတည်နေခြင်းကိုလည်း သတိချပ်ကြရန်ဖြစ်ကြောင်း။

ဤလုပ်ငန်းသည် **"လူတိုင်းအတွက်ပညာရေး"**ဆိုပြီး နိုင်ငံတကာ၌ ကုလသမဂ္ဂကဲ့သို့ အဖွဲ့အစည်းများက ဆောင်ရွက်ပေးနေသော (Education for All) ဆိုသည့် ပညာခေတ် ထူထောင်မှုလုပ်ငန်းကြီးနှင့်လည်း တစ်သားတည်း ဆက်စပ်နေကြောင်း။

ယခုကဲ့သို့ နိုင်ငံသားအားလုံးအား ဘက်စုံအကျိုးပြုနိုင်သည့် စာပေဖွံ့ဖြိုးရေးကိစ္စ၌ ထိရောက်သည့် အကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် စာရေးသူတို့၏ နယ်ပယ်၊ ထုတ်ဝေသူတို့၏ နယ်ပယ်နှင့် စာဖတ်သူတို့၏ နယ်ပယ်တို့တွင် သုံးဦးသုံးဖလှယ် ထိန်းညှိပြီးအကျိုးပြုနိုင်ကြရန်လည်း လိုအပ်ကြောင်း။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကလည်း မူလဖွဲ့စည်းထားရှိသည့် စာပေရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအတိုင်း စာပေဖွံ့ဖြိုးမှု၊စာရေးခြင်း အတတ်ပညာထွန်းကားကျယ်ပြန့်မှု၊ စာပေမျိုးဆက်သစ်များ ပေါ်ပေါက်မှု၊ စာပေနှင့်စာနယ်ဇင်းလောကသားချင်း ရိုင်းပင်းစည်းလုံးမှုတို့ကို တက်ကြွစွာ အကောင်အထည်ဖော်ရင်း စာပေလောကသားများ၏ သက်သာချောင်ချိရေး၊ ထိုမှတစ်ဆင့် သက်မွေးဝမ်းကျောင်းမှုဖူလုံရေးကိစ္စတို့ကိုပါ ဦးဆောင်ရှေ့ရှုက်ပြုပြီး ဆက်လက်အားထုတ်ပေးကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

စာပေနှင့်စာနယ်ဇင်းလောကသားအားလုံးတို့ တက်ညီလက်ညီ အသိတရားရှိရှိ ခေတ်ရေစီးနှင့်အညီ ဆောင်ရွက်နိုင်သည်နှင့်အမျှ ပြည်သူများအားထားလောက်သည့် မြန်မာစာပေလောက၊ ဂုဏ်သိက္ခာနှင့်ပြည်စုံသည့် မြန်မာစာနယ်ဇင်းလောက၊ အဖျက်သဘောကို အပြုသဘောဖြင့် တုံ့ပြန်နိုင်သည့် မီဒီယာလောကဆိုသော အပြိုင်စာပေအနုပညာနယ်ပယ်တို့ ထွန်းကားပြီး ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ထိန်းသိမ်းနိုင်အောင် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်၌ တည်ဆောက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ပံ့ပိုးနိုင်သည့်မြန်မာ့လူဘောင်ကြီး ထာဝရထွန်းကားစည်ပင်ရေး အကျိုးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံက မျှော်မှန်းဆောင်ရွက်နေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးနှင့်အတူ စာပေနယ်သားများအားလုံးက တက်ကြွစွာဖြင့် အသိတရားရှိစွာ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိနေသည်ဟု ပြောလိုကြောင်း၊ ဤတာဝန်ကို ကျေပွန်ကြပါစေ၊ တာဝန်ကျေပွန်အောင် ဆောင်ရွက်နိုင်ရန် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ ရှိနိုင်ကြပါစေ၊ ယခုကျင်းပမည့် စာပေညီလာခံကြီး၌ ဆွေးနွေးညှိနှိုင်းမှုများ အောင်မြင်စွာ ချမှတ်ရယူနိုင်ကြပါစေဟု တိုက်တွန်းပြောကြားသွားသည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော စာပေပညာရှင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုခန်းမအတွင်း ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့ကြသူများ၏ မှတ်တမ်းဓာတ်ပုံများနှင့် မြို့နယ်အသီးသီး၏ ပြည်သူ့အကျိုးပြု စာပေလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇွန် ၂၅ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့ ပညာရေးကောလိပ်ခန်းမ၌ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲနှင့် ဧရာဝတီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဘိုကလေးမြို့နယ်အတွင်းရှိ စာသင်ကျောင်းများသို့ စာသင်ခုံ၊ ထိုင်ခုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှု၊ ဖွံ့ဖြိုးတိုးတက်မှုများရှိစေရေးအတွက် ဆောင်ရွက်ခဲ့မှုများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးမှုများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ပါဝင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ပံ့ပိုးဆောင်ရွက်

ယင်းနောက် တက်ရောက်လာကြသော အသင်းဝင်များနှင့် ဒေသခံကျေးလက် ပြည်သူများက လိုအပ်ချက်များ တင်ပြကြရာ ဝန်ကြီးက ပံ့ပိုးဆောင်ရွက်ပေးသည်။

ယင်းနောက် ဘိုကလေးမြို့နယ်အတွင်းရှိ လှိုင်ဂူကျေးရွာ၊ အောင်နိုင်ကျေးရွာနှင့် မြို့မ(၆)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံနှင့် ထိုင်ခုံများ၊ ကျောင်းသုံးစာရေးကိရိယာများကို ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်နှင့် တိုင်းအလုပ်အမှုဆောင်များ၊ ဖျာပုံခရိုင် အသင်းအတွင်းရေးမှူးတို့က အသီးသီးပေးအပ် လှူဒါန်းကြရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဘိုကလေးမြို့ ပညာရေးကောလိပ်ငွေပဒေသာပင်အတွက် ဧရာဝတီတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် ၁၀သိန်းနှင့် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် ၁၀သိန်းတို့ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဌေးကလက်ခံသည်။

ထို့နောက် စာသင်ကျောင်းများသို့ သင်ကြားမှု အထောက်အကူပြု စာသင်ခုံနှင့် ထိုင်ခုံများ၊ ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းခြင်းအတွက် ဘိုကလေးမြို့နယ် ပညာရေးမှူး ဦးစိုးလွင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဘိုကလေးမြို့နယ် ပညာရေး ကောလိပ်အစည်းအဝေးခန်းမ၌ တိုင်း/ခရိုင်၊ မြို့နယ်အဆင့် အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် ပညာရေးကောလိပ်ရှိ ဆရာမများအား တွေ့ဆုံပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့စီမံရေးရာဌာနမှ ကြီးမှူးကျင်းပသော အခြေခံစီမံခန့်ခွဲမှုဆင့်ပွားသင်တန်း(၂/၂၀၀၆) ဖွင့်ပွဲ အခမ်းအနားကို ဇွန်၂၆ရက်က ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးခန်းမတွင် ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။
(မြို့နယ်ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို မြို့နယ်လုံးကျွတ် စုပေါင်းသစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁

ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒလမြို့နယ်လုံးကျွတ်စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဒလ-ပျော်ဘွယ်ကြီး-ခနတ်ကားလမ်း ဝဲယာတို့တွင် စုပေါင်းစိုက်ပျိုးကြရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများ စုပေါင်းအင်အား ၃၀၀ကျော်ဖြင့် အရိပ်ရပင်၊ ပန်းအလှပင် ၁၀၀၀ကျော်စိုက်ပျိုးကြသည်။ စုပေါင်းသစ်ပင်စိုက်ပျိုးရာသို့ ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ အတွင်းရေးမှူး ဦးသန်းကြိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မြင့်နှင့် အဖွဲ့ဝင်များပါဝင် စိုက်ပျိုးကြကြောင်းသိရသည်။ **(အောက်ပုံ)**
(၅၂၉)

ဘိုကလေးမြို့ပညာရေးကောလိပ်ငွေပဒေသာပင်အတွက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် ၁၀သိန်းနှင့် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် ၁၀သိန်းကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်က ပေးအပ် လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဌေး လက်ခံယူစဉ်။ (နယ်စပ်/စည်ပင်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့အနေဖြင့် အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို မိမိတို့ကိုယ်တိုင် အသိအမြင် ခံယူချက်ခိုင်ခိုင်မာမာ မှန်မှန်ကန်ကန်ဖြင့် ကာကွယ်စောင့်ရှောက်

✻ ကျောဖုံးမှ

မြန်မာနိုင်ငံအားကစား ကလောင်ရှင်များ အဖွဲ့ချုပ်နှင့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့၏ သဝဏ်လွှာများကို ဖတ်ကြားသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံကျင်းပရေး ဗဟိုကော်မတီနာယက၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လေးနှစ်တစ်ကြိမ် ပုံမှန်ကျင်းပသည့် စတုတ္ထအကြိမ်ညီလာခံ ဖြစ်ကြောင်း၊ ညီလာခံဖြစ်သည်နှင့်အညီ ကိုယ်စားလှယ်များသည် ပြီးခဲ့သည့် လေးနှစ်အတွင်း အဖွဲ့၏ ဆောင်ရွက်ချက်များကို သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြမည်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရာတွင် ပြီးခဲ့သည့်လေးနှစ်တာ ကာလအတွင်းက အဖွဲ့၏ အားနည်းချက်၊ အားသာချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ဆွေးနွေးပြီး စာပေလောကကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန် အကြံကောင်း၊ ဉာဏ်ကောင်းများနှင့် လုပ်ငန်းစဉ်များ ချမှတ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အနေဖြင့် အမျိုးသားရေးနှင့် အမျိုးသား အကျိုးစီးပွားကို မိမိတို့ကိုယ်တိုင် အသိအမြင် ခံယူချက် ခိုင်ခိုင်မာမာ မှန်မှန်ကန်ကန်ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေလောကသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းစဉ်ကြီး သုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပထမလုပ်ငန်းဖြစ်သည့် အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ဒို့တာဝန်အရေးသုံးပါးကို ပြည်သူအတွင်း စွဲမြဲစွာ ခံယူထိန်းသိမ်းနိုင်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးကိစ္စများတွင်လည်း အမျိုးသားရေးအမြင်ဖြင့် ချိန်ထိုးညှိနှိုင်း ဆောင်ရွက်သွားနိုင်ရေး ပညာပေးလှုံ့ဆော်စည်းရုံးကြရမည်ဖြစ်ကြောင်း။

ဒုတိယလုပ်ငန်းဖြစ်သည့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာစာပေ၏ ကောင်းမွန်မြတ်နိုးအပ်သည့် အချက်များကို ထိန်းသိမ်းပြီး ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထုတ်ဝေသူများ၊ ပုံနှိပ်သူများအနေဖြင့်လည်း စာအုပ် စာစောင်များကို အသွင်သဏ္ဌာန် လှပခံ့ညားတင့်တယ်သပ်ရပ်အောင်၊ စာဖတ်သူကို ဆွဲဆောင်မှုရှိအောင်၊ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မြန်မာစာပေကမ္ဘာသို့ ထိုးဖောက်နိုင်စေရန် မြန်မာစာပေများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ အဆင့်မီမီ ဘာသာပြန်ဆိုနိုင်ရေး၊ နိုင်ငံခြားမှ စာကောင်းပေမွန်များကိုလည်း မြန်မာဘာသာသို့ ပြေပြေပြစ်ပြစ် အဆင့်မီစွာ မြန်မာဘာသာပြန်ဆို ရေးသားနိုင်ရေးအတွက် ပညာရှင်များ ပေါ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

အလှည့်ကျ သဘာပတိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦး တင် ခ (တက္ကသိုလ်တင်ခ) အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တတိယလုပ်ငန်းဖြစ်သည့် စာပေလောကသားများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် အထက်ပါလုပ်ငန်းများ အောင်မြင်စေရန် ဆောင်ရွက်နိုင်ပြီး စာပေလောက ဖွံ့ဖြိုးလာပါက စာပေလောကသားများ၏ ဘဝမှာလည်း လိုက်ပါတိုးတက်လာမည်သာ ဖြစ်ကြောင်း၊ ဗဟိုနှင့်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့များအနေဖြင့်လည်း စာပေလောကသားများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများကို ဝိုင်းဝန်းကူညီစောင့်ရှောက် ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဤလုပ်ငန်းတာဝန်များသည် ကြီးလေးကျယ်ပြန့်သည့်အပြင် လုပ်ငန်းသဘာဝမှာ သိမ်မွေ့ပါကြောင်း၊ ထို့ကြောင့်လုပ်ငန်းတာဝန်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အဖွဲ့အနေဖြင့် အင်အားတောင့်တင်းကျစ်လျစ်ခိုင်မာရန် လိုအပ်သည့်အပြင် အသင်းဝင်များ၏ အရည်အချင်းလည်း ပြည့်ဝရန် လိုအပ်ကြောင်း၊အသင်းကြီးသည်သွက်လက်ထက်မြက်၍ စွမ်းရည်မြင့်မြင့်ဖြင့် တာဝန်များကို ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ အင်အားတောင့်တင်း ကျစ်လျစ်၍ သွက်လက်ထက်မြက်သည့် အသင်းကြီးဖြစ်လာစေရန်အတွက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင်ရွေးချယ်ရာတွင် လူကြီးပိုင်း၊ လူလတ်ပိုင်းနှင့် လူငယ်ပိုင်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းရန် လိုအပ်ကြောင်းကို သိရှိပြီး အတွေ့အကြုံရင့်ကျက်ကာ ဆင်ခြင်တုံတရားပြည့်ဝသည့် စာပေပညာရှင် လူကြီးပိုင်းများပါရှိရန် လိုအပ်သကဲ့သို့ အသင်း၏ တာဝန်များကို သွက်သွက်လက်လက် ထက်ထက်မြက်မြက် အင်တိုက်အားတိုက် လုပ်ဆောင်နိုင်မည့် အတွေ့အကြုံအထိုက်အလျောက်ရှိသည့် လူလတ်ပိုင်းများကိုလည်း ထည့်သွင်းဖွဲ့စည်းသင့်ပါကြောင်း၊ ထို့အပြင် အနာဂတ်စာပေလောကတာဝန်များကို လက်ဆင့်ကမ်း တာဝန်ယူမည့် မျိုးဆက်သစ်လူငယ်လူရွယ်များကိုလည်း လက်တွဲခေါ်ဆောင်၍ အမှုဆောင်အဖြစ် ထည့်သွင်းဖွဲ့စည်းရန်လိုအပ်ပါကြောင်း၊ သို့မှသာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် အစဉ်ရှင်သန်ပြီး သွက်လက်ထက်မြက် အင်အားတောင့်တင်း ကျစ်လျစ်သည့်အဖွဲ့ကြီး ဖြစ်လာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံ သဘာပတိအဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)

စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင် တိုးပွားရေး၊ မြို့နယ်အားလုံးတွင် စာပေနှင့် စာနယ်ဇင်းအဖွဲ့များ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ကြရန်လိုအပ် ကြောင်း၊ ထို့ပြင် အသင်းဝင်များ အရည်အသွေး မြင့်မားလာအောင် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ ဟောပြောပွဲများကို မကြာခဏ ပြုလုပ်ပေးရေး၊ ကျေးလက်ပြည်သူများ စာဖတ်သည့် အလေ့အကျင့်ရှိလာစေရန်၊ စာပေကို စိတ်ဝင်စားလာစေရန် ဟောပြောပွဲများ၊ ကျပန်းစကားပြောပွဲများ၊ စကားရည်လုပွဲများ ကျင်းပ၍ ပြည်သူကို စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ဗဟိုအမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး) ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အထက်ပါ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် ထိုက်သင့်သည့် ရန်ပုံငွေရှိရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ရန်ပုံငွေ ရရှိရေးအတွက် အလှူရှင်များထံမှ အလှူငွေများ စည်းရုံးကောက်ခံ၍ ငွေပဒေသာပင် စိုက်ထူခြင်း၊ မူဘောင်နှင့်အညီ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေ ရနိုင်မည့် နည်းလမ်းများ ချမှတ်ဆောင်ရွက်ခြင်းတို့ဖြင့် ရန်ပုံငွေတစ်ရပ်ကို ထူထောင်သွားကြရမည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့်–

- **မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် စာပေလောကသားများအနေဖြင့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ကြပါ၊**
- **အမျိုးသားရေး အခြေခံဖြင့် စာပေ လောကသားများ၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြပါ၊**
- **အမျိုးသားရေး အကျိုးစီးပွားကို စာပေစွမ်းအားဖြင့် ကြိုးပမ်းဖော်ဆောင် ကာကွယ်ကြပါ၊**
- **စာပေ လောကသားများ၏ လူနေမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပါ၊**
- **ပြည်သူများ၏ အသိပညာ၊ ဗဟုသုတ မြင့်မားလာစေရေး အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပါ**

ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အမှာစကား ပြောကြားပြီးနောက် နံနက်ပိုင်းအစီအစဉ်များကို ရပ်နားလိုက်သည်။

ထို့နောက် စတုတ္ထအကြိမ်ညီလာခံ ပထမနေ့ မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ ၁၂ နာရီခွဲတွင် ဆက်လက်ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးဆိုက်ကျင် (ဆိုက်ကျင်-သတင်းထောက်)၊ ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်)၊ ဒေါ်နုနု (နုနု-စာပေဗိမာန်)၊ ဦးခင်အောင် (သတင်းထောက် ခင်အောင်)၊ ဦးဝင်းအောင် (ထက်သူအောင်)နှင့် ဦးဂေခ္ခိရှိန်း (မင်းတပ်ယူဂျင်း)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)က ဆောင်ရွက်သည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)က ဗဟိုအမှုဆောင်ကော်မတီ၏ အစီအရင်ခံစာ (အကျဉ်း)ကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ ဖြစ်ကြသည့် ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း - လမ်းမတော်)က ဘဏ္ဍာရေးနှင့် စာပေရန်ပုံငွေ အစီရင်ခံစာကိုလည်းကောင်း၊ ဦးတင်လှိုင် (လယ်တွင်းသား စောချစ်)က စာရင်းစစ် အစီရင်ခံစာကိုလည်းကောင်း၊ ဒေါ်ချိုချိုတင် (မစန္ဒာ)က ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပြင်ဆင်ချက်ကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်... စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီ... ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်... လှူဒါန်းသည့် အလှူငွေများနှင့် စာအုပ်များကို...

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကို ဆောင်း) အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဗဟိုအမှုဆောင် ကော်မတီ၏ အစီအရင်ခံစာအပေါ် ညီလာခံကိုယ်စားလှယ်များ ဖြစ်ကြသည့် မိုးညှင်းမြို့နယ်မှ ဦးမျိုးအောင် (မိုးအောင်-ကချင်မြေ)၊ ထီးချိုင့်မြို့နယ်မှ ဦးချစ်ထွေး (မောင်ချစ်ထွေး-မဟာဝိဇ္ဇာ)၊ ဘားအံမြို့နယ်မှ ဦးမန်းသင့်နောင် (မန်းသင့်နောင်-ကော့ကရိတ်)၊ မြိတ်မြို့နယ်မှ ဦးခင်မောင်လေး (မောင်ရဲမင်း)၊ ဒိုက်ဦးမြို့နယ်မှ ဦးဝင်းမြင့် (ကောလိယ-လှိုင်းယဉ်)၊ မကွေးမြို့နယ်မှ ဦးဝင်းမြင့် (မကွေး ဝင်းမြင့်)၊ ပြင်ဦးလွင်မြို့နယ်မှ ဦးချစ်ဆွေ (ပြင်ဦးလွင်ချစ်ဆွေ)နှင့် မော်လမြိုင်မြို့နယ်မှ ဦးခင်ထွန်း (ကျော်ဟိန်းအောင်)တို့က ထောက်ခံဆွေးနွေးကြပြီး စတုတ္ထအကြိမ် ညီလာခံ ပထမနေ့ မွန်းလွဲပိုင်း အစီအစဉ်များကို ရပ်နားလိုက်သည်။

ယင်းနောက် စတုတ္ထအကြိမ် ညီလာခံပထမနေ့ ညနေပိုင်းအစီအစဉ်များကို ညနေ ၃ နာရီတွင် ဆက်လက်ကျင်းပရာ အလှည့်ကျသဘာပတိ

ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပြင်ဆင်ချက်ကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဒေါ်ချိုချိုတင် (မစန္ဒာ) ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဗဟိုအမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို ဘားအံမြို့နယ်မှ ညီလာခံ ကိုယ်စားလှယ် ဦးမန်းသင့်နောင် (မန်းသင့်နောင်-ကော့ကရိတ်) ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)



ဗဟိုအမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို ပြင်ဦးလွင်မြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဦးချစ်ဆွေ (ပြင်ဦးလွင်ချစ်ဆွေ) ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဗဟိုအမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို မြိတ်မြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဦးခင်မောင်လေး(မောင်ရဲမင်း) ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင်များ လှူဒါန်းသည့် အလှူငွေများနှင့် စာအုပ်များကို လက်ခံစဉ်။ (သတင်းစဉ်)

နှင့် မော်လမြိုင်မြို့နယ်မှ ဦးခင်ထွန်း (ကျော်ဟိန်းအောင်)တို့က ထောက်ခံဆွေးနွေးကြပြီး စတုတ္ထအကြိမ် ညီလာခံ ပထမနေ့ မွန်းလွဲပိုင်း အစီအစဉ်များကို ရပ်နားလိုက်သည်။

ယင်းနောက် စတုတ္ထအကြိမ် ညီလာခံပထမနေ့ ညနေပိုင်းအစီအစဉ်များကို ညနေ ၃ နာရီတွင် ဆက်လက်ကျင်းပရာ အလှည့်ကျသဘာပတိ

မောင်လေး (မောင်ရဲမင်း)၊ ဒိုက်ဦးမြို့နယ်မှ ဦးဝင်းမြင့် (ကောလိယ–လှိုင်းယဉ်)၊ မကွေးမြို့နယ်မှ ဦးဝင်းမြင့် (မကွေး ဝင်းမြင့်)၊ ပြင်ဦးလွင်မြို့နယ်မှ ဦးချစ်ဆွေ (ပြင်ဦးလွင်ချစ်ဆွေ) အဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း (မြင့်သိန်းအောင်)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးခင်မောင်ညိန်း (ခင်မောင်ညိန်း–မြန်ဂုဏ်ဆောင်)၊ ဦးသန်းထွန်း (သန်းထွန်း–စကု)၊ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)၊ ဒေါက်တာဌေးလှိုင် (ဒေါက်တာဌေးလှိုင်–ပခုက္ကူ)၊ ဦးရွှေ(ရွှေရိုး)နှင့် ဦးစိုးညွန့် (သတင်းထောက်စိုးညွန့်) တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်) က ဆောင်ရွက်သည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို ညီလာခံကိုယ်စားလှယ်များ ဖြစ်ကြသည့် မရမ်းကုန်းမြို့နယ်မှ ဦးကျော်စိုး (မောင်ကျေးဇူး)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ဦးညွန့်တင် (မောင်ငြိမ်းသူ–ကြို့ပင်ကောက်) တို့က ထောက်ခံဆွေးနွေးကြပြီး ထောက်ခံ ဆွေးနွေးချက်များအပေါ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ ကိုယ်စား အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)က ပြန်လည် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးစိုးရှိန် (မောင်စိုး ထိုက်–သုံးဆယ်)က ကွယ်လွန်သူ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်လွှာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ညီလာခံကိုယ်စားလှယ် မအူပင်မြို့နယ်မှ ဦးမြင့်သိန်း (ခြင်ကျား–မအူပင်)က အဆိုတင်သွင်းရာ လားရှိုးမြို့နယ်မှ ဒေါ်ခင်သန်းနွဲ့ (မမ–တရားရေး)က လည်းကောင်း၊ ဘဏ္ဍာရေးအစီရင်ခံစာ၊ စာရင်းစစ် အစီရင်ခံစာနှင့် စာပေရန်ပုံငွေအခြေအနေကို ညီလာခံကိုယ်စားလှယ် မြောက်ဥက္ကလာပမြို့နယ်မှ ဦးတင့်ရှိန် (မင်းကြော့ရှိန်) က အဆိုတင်သွင်းရာ မင်္ဂလာဒုံမြို့နယ်မှ ဦးစိုးပိုင်(မောင်ဆန္ဒ–လယ်ဝေး) ကလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း ပြင်ဆင်ချက်ကို ညီလာခံကိုယ်စားလှယ် ချမ်းအေးသာစံမြို့နယ်မှ ဦးသန်း (မောင်သန်း မဟာဝိဇ္ဇာ)က အဆိုတင်သွင်းရာ စစ်ကိုင်းမြို့နယ်မှ ဦးရဲထွတ် (မောင်မျက်ရှင်)က လည်းကောင်း ထောက်ခံတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က စာပေစွမ်းဆောင်ရည် ပထမဆုရရှိသည့် မဟာအောင်မြေမြို့နယ်၊ ဒုတိယဆုရရှိသည့် မအူပင်မြို့နယ်၊ တတိယဆုရရှိသည့် မင်္ဂလာတောင်ညွန့်မြို့နယ် တို့အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)က စွမ်းဆောင်ရည် အထူးဆု ရရှိကြသည့် မရမ်းကုန်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ သန်လျင်မြို့နယ် နှင့် မူဆယ်မြို့နယ်တို့အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)က စွမ်းဆောင်ရည် အထူးဆု ရရှိကြသည့် မော်လမြိုင်မြို့နယ်၊ ကျောက်တော်မြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့အားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြရာ သက်ဆိုင်ရာ မြို့နယ်များမှ ကိုယ်စားလှယ်များက လက်ခံကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ တာမွေမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၃၇၀၀၀၊ မော်လမြိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မဟာအောင်မြေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြစ်သားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ကငွေကျပ် နှစ်သောင်းစီ၊ ပါမောက္ခ ဒေါက်တာသန်းညွန့် (ညွန့်ဝေ–ကသာ)က ငွေကျပ် ၁၇၀၀၀၊ မင်းဘူး(စကု)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၃၀၀၀၊ မိုးကုတ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် တစ်သောင်းနှင့် ကျောက်ပန်းချီကား တစ်ချပ်၊ သရက်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ အောင်လံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ နတ္တလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ တပ်ကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မလှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြစ်ကြီးနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဓနုဖြူမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့၊ မုံရွာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ရေတာရှည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဖားကန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ဟင်္သာတမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ သာယာဝတီမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ကလေးဝမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ လှည်းကူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ အောင်မြေသာစံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့များနှင့် ဦးသန်းမိုးအောင်၊ ဒေါ်နန်းလှသန်းနွယ်နှင့် ဘားအံမြို့ ဦးဆောက်ပန်းစာပေတို့က ငွေကျပ်တစ်သောင်းစီ၊ ပုလောမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မူဆယ်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့နှင့် အောင်မြေသာစံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် နှစ်သောင်းစီ၊ တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ ဖက်စ်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအမှုဆောင် ကော်မတီဝင်များ ဖြစ်ကြသည့် ယုဝတီခင်စိန်လှိုင်၊ မနုဿကျော်ဝင်း၊ လယ်တွင်းသားစောချစ်၊ ခင်မောင်ထွန်း(လမ်းမတော်) နှင့် အတွင်းရေးမှူး(လှထွန်း–တွံတေး) တို့က လက်ခံကြပြီး ဂုဏ်ပြုလက်ဆောင်များကို ပြန်လည်ပေးအပ်ကြကာ စတုတ္ထအကြိမ် ညီလာခံပထမနေ့ အစီအစဉ်များကို ညနေ ၄ နာရီခွဲတွင် ရပ်နားလိုက်သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများက ဂုဏ်ပြုပန်းခြင်းများကို ပေးပို့ခဲ့ကြသည့်အပြင် ပဲခူး၊ ဗဟန်းနှင့် ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့များကလည်း ဂုဏ်ပြုပန်းခြင်းများကို ပေးပို့ခဲ့ကြသည်။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံကို ဇူလိုင် ၂ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဗဟိုအမှုဆောင် ကော်မတီဝင် ယုဝတီခင်စိန်လှိုင် မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့များက လှူဒါန်းသည့် အလှူငွေများကိုလက်ခံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) စာပေစွမ်းဆောင်ရည်ဆု ရရှိသည့် မြို့နယ်များအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ဗဟိုအမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို မြိတ်မြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဦးခင်မောင်လေး(မောင်ရဲမင်း) ထောက်ခံ ဆွေးနွေးစဉ်။ (သတင်းစဉ်)



ဗဟိုအမှုဆောင် ကော်မတီ၏ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို လားရှိုးမြို့နယ်မှ ဒေါ်ခင်သန်းနွဲ့(မမ–တရားရေး) ထောက်ခံတင်ပြစဉ်။ (သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း ပြင်ဆင်ချက်ကို စစ်ကိုင်းမြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဦးရဲထွတ် (မောင်မျက်ရှင်) ထောက်ခံတင်ပြစဉ်။ (သတင်းစဉ်)

ဒဂုံ ပရိယတ္တိ စာသင်တိုက်၌ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည်

ရန်ကုန် ဇူလိုင် ၁

ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာ ဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ဆရာတော်အား အမှူးထားလျက် ဝါကပ်တော်မူကြသည့် စာချ၊ စာသင် သံဃာတော်အပါး ၁၀၀ ကျော်တို့အား ဇူလိုင် ၁၀ ရက် (ဝါဆိုလပြည့်ကျော် ၁ ရက်) မွန်းလွဲ ၂ နာရီတွင် ဝါဆိုသင်္ကန်းများကို အဆိုပါ စာသင်တိုက်၌ ကပ်လှူပူဇော်မည် ဖြစ်ကြောင်းနှင့် ပါဝင် လှူဒါန်းလိုသူများသည် သင်္ကန်းတစ်စုံလျှင်ငွေကျပ် ၃၁၅၀နှုန်းဖြင့် ဂေါပကအဖွဲ့ထံ စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေပဒေသာပင် အလှူငွေနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နံနက်ပိုင်းတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကျင်းပသည့် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က အလှူငွေကျပ် ၁၀ သိန်းနှင့် မြို့နယ် ၁၅၁ မြို့နယ်တို့မှ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များက ငွေကျပ် ၄၁၂၀၀၀ နှင့် ငွေကျပ် ၁၇၀၅၀၀၀ တန်ဖိုးရှိ စာအုပ် ၄၂၆၁ အုပ်တို့ကို ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)ကလည်းကောင်း၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးက ငွေကျပ်ခုနစ်သိန်း တန်ဖိုးရှိ စာအုပ် ၁၀၀၀ ကို ဥက္ကဋ္ဌ ပန်းချီဦးသောင်းဟန်က လည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ်နှစ်သိန်းကို ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် ဒေါ်ဆွေဇင်ထိုက်တို့က လည်းကောင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ဦးမောင်မောင်လတ်(နောင်) ကလည်းကောင်း၊ မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၆၃၀၀၀၀ တန်ဖိုးရှိ စာအုပ် ၁၂၃၉ အုပ်ကို ဥက္ကဋ္ဌ ဦးမောင်မောင်ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေများနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူငွေကျပ် ၁၇၁၂၀၀၀ နှင့် စာအုပ် ၆၅၀၀ ၏ တန်ဖိုးငွေကျပ် ၃၀၃၅၀၀၀ အပါအဝင် စုစုပေါင်း ငွေကျပ် ၄၇၄၇၀၀၀ ဖြစ်သည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁

ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ အင်းစိန်ဝါခင်းတောင်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တစန္ဒောဘာသ၊ တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာ့နယ်မြေ ပဓာနနာယကချုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ (ပန်းတစ်ပွင့်တောင် ဆရာတော်)အပါအဝင် ဆရာတော်ကြီးကိုးပါးအား ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဇူလိုင်၂ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် အင်းစိန်မြို့ ရွာမအနောက်ရပ်ကွက် ညောင်ပင်သာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မွန်းလွဲ ၁၂ နာရီခွဲအရောက် ကြွရောက်ကြရန်ဖိတ်ကြားထားသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂–၇–၂၀၀၆ (တနင်္ဂနွေနေ့)

၁၃၆၈ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၂၀ ၈။ ဘိုင်းဒါးရေလှောင်တမံ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Say it in English.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၀ ၄။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ Doraemon**
- ၁၁း၅၅ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "မေတ္တာစစ်၏ပြတင်းပေါက်များ" (ရန်အောင်၊ နေမျိုးအောင်၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ–ဇမ္ဗူထွန်းသက်လွင်)**
- ၁း၅၀ ၆။ အတီးပြိုင်ပွဲ
- ၂း၀၀ ၇။ ကျောက်ကြီးပေါက်တံတား
- ၂း၀၅ ၈။ အကပြိုင်ပွဲ
- ၂း၁၀ ၉။ **"အလံလေးတော့ကိုင်ပြပါ" (ခွန်နိုင်ဝင်း၊ ပေါ်လေး၊ ချစ်စရာ၊ ရတနာခင်) (ဒါရိုက်တာ–မင်းအုပ်စိုး)**
- ၂း၂၀ ၁၀။ အဆိုပြိုင်ပွဲ
- ၂း၃၀ ၁၁။ ရေလှောင်တမံ ရဲနွယ်
- ၂း၄၅ ၁၂။ International News.
- ၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄း၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၄း၅၀ ၅။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၀၀ ၆။ စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ (အပိုင်း–၂)
- ၅း၁၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ သီရိဂေဟာ
- ၇း၀၀ ၁၁။ Discovery.
- ၇း၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖြူစင်မေတ္တာ" (အပိုင်း–၁၀)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **မြန်မာရုပ်ရှင် "အမေ့နို့ဖိုး" (အပိုင်း–၂) (ကျော်သူ၊ မင်းမော်ကွန်း၊ ဇော်ဦး၊ ထွန်းအိန္ဒြာဗို၊ ဆုပန်ထွာ) (ဒါရိုက်တာ–ကျော်သူ)**
- ၁၇။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

တက္ကသိုလ် ကောလိပ်၊ ဆရာ ဆရာမတိုင်း မိမိတို့အပေါ်ကျရောက်လာသည့်တာဝန် ကျေပွန်အောင် ကိုယ်စီကြိုးပမ်း ရရှိဖြစ်ထွန်းနေသည့်အခြေခံကောင်းများကို ထိုက်ထိုက်တန်တန်အသုံးပြုပြီး ပိုမိုတိုးတက်သောအခြေအနေဖန်တီး တက္ကသိုလ်၊ ကောလိပ်တိုင်း အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေရန်ဆက်လက်ကြိုးစား

နေပြည်တော် ဇူလိုင် ၁

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ် ကောလိပ်၊ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၃၀ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုများပေးအပ်သည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ၊ တက္ကသိုလ် ကောလိပ်၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ် ကောလိပ်၊ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ခေတ်သစ်စနစ်သစ်သို့ ပြေပြစ်ချောမွေ့စွာ ကူးပြောင်းနိုင်စေရန် တစ်နိုင်ငံလုံး တစ်မျိုးသားလုံး အတိုင်းအတာဖြင့် တက်ညီလက်ညီ ဦးထမ်းပွဲထမ်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍတိုင်း၌ အရှိန်အဟုန်မျှမျှနှင့် ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းနေစေရေအောင် နိုင်ငံသူနိုင်ငံသားအားလုံးက မိမိတို့သက်ဆိုင်ရာ အခန်းကဏ္ဍ၏ တာဝန်ဝတ္တရားများကို တာဝန်သိသိဖြင့် ကျေကျေပွန်ပွန် အောင်အောင်မြင်မြင် ကြိုးစားလုပ်ဆောင်ကြရန် အထူးလိုအပ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်ကို မျှော်မှန်းပြီး ရေရှည်အကျိုးစီးပွားအတွက် ဦးတည်ကြိုးပမ်း ပြောင်းလဲရသည့် ဖြစ်စဉ်ကြီးတွင် တစ်ခန်း၊ တစ်ကဏ္ဍ၏ အားနည်းချို့ယွင်းမှုသည် ညင်သာသိမ်မွေ့စွာ ပြောင်းလဲဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို နှောင့်နှေးလစ်ဟာစေမည်ဖြစ်သကဲ့သို့ ယနေ့ယခုအချိန်တွင် မသိသာမမြင်သာသည့် ချို့ယွင်းအားနည်းမှုသည် အနာဂတ်ကာလ၌ မလိုလားအပ်သည့် ကြီးမားသော ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေမှာ အမှန်ပင်ဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်း

ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမတိုင်းက ပညာရေးကဏ္ဍက တာဝန်ရှိသူတစ်ဦးအနေဖြင့်သော် လည်းကောင်း၊ ပညာရှင်တစ်ဦးအနေဖြင့်သော် လည်းကောင်း၊ နိုင်ငံသူနိုင်ငံသားတစ်ဦး အနေဖြင့်သော် လည်းကောင်း မိမိတို့အပေါ် ကျရောက်လာသည့် တာဝန်အရပ်ရပ်ကို ကျေပွန်စေရအောင် အသိစိတ်ဓာတ်၊ စေတနာ၊ ပညာအရင်းခံတို့ဖြင့် နိုင်ငံ့အကျိုးကို မျှော်မှန်းပြီး ကိုယ်စီကိုယ်စီ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံသူ နိုင်ငံသားတစ်ဦးချင်း၏ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်အရင်းခံဖြင့် ကြိုးစားအားထုတ်မှုများ၊ ဆိုင်ရာဆိုင်ရာ အပိုင်းကဏ္ဍအလိုက် သော်လည်းကောင်း၊ တစ်မျိုးသားလုံး အတိုင်းအတာအရသော် လည်းကောင်း စုစည်းညီညွတ်သည့် အားမာန်ဖြင့် ပေါင်းစည်းအားထုတ် ဆောင်ရွက်မှုများသည် အနာဂတ်၏ အောင်မြင်မှုသို့မဟုတ် လစ်ဟာမှုများကို ပိုင်းဖြတ်ပေးနေသည်ဆိုသည့် အသိစိတ်ဓာတ်၊ ပညာဉာဏ်တို့ဖြင့်ယှဉ်ပြီး အားထုတ်ကြိုးစားသွားကြပါဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာတိုးတက်ပြောင်းလဲမှုများကိုအခြေခံပြီးမျက်မှောက်ကာလ၏စိန်ခေါ်မှုများအပြင် အနာဂတ်ကာလ၌ ကြုံတွေ့ရမည့်စိန်ခေါ်မှုများကိုပါ ရင်ဆိုင်ဖြေရှင်းနိုင်စေရန် အနာဂတ်ကို မျှော်မှန်းသည့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုများကို လွန်ခဲ့သော ရှစ်နှစ်ကျော် ကိုးနှစ်ကာလ၁၉၉၈ ခုနှစ်ခန့်က စတင်ပြီး စနစ်တကျ စီမံကိန်းအဆင့်ဆင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း သင်တန်းသားစံပြဆုကို ပညာရေးဝန်ကြီးဌာန မြစ်ကြီးနားတက္ကသိုလ် သရုပ်ပြ ဦးဇော်ဇော်ဝင်းအား ပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းအမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများနှင့်အညီ ကျောင်းသူ ကျောင်းသား လူငယ်များအတွက်သာမက နိုင်ငံသူနိုင်ငံသားအားလုံးအတွက်ပါ စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်စေမည့် ပညာရေးအခြေခံကောင်းများ၊ ကြီးမားကျယ်ပြန့်သည့် လေ့လာသင်ယူနိုင်မှု အခွင့်အလမ်းကောင်းများကို စနစ်တကျ တည်ဆောက်ဖန်တီးပေးခဲ့ကြောင်း။

အရည်အသွေးမြှင့်တင်

အသိဉာဏ်နှင့်ပြည့်စုံစေရန်၊ ရှာဖွေစူးစမ်းနိုင်ရန်၊ လေ့လာဆန်းစစ်နိုင်ရန်၊ တီထွင်ဖန်တီးနိုင်ရန်၊ လက်တွေ့ရပ်လုံးဖော်နိုင်ရန်ဆိုသည့် ရည်မှန်းချက်များဖြင့် ပညာရေး အရည်အသွေးမြှင့်တင်မှုအစီအမံများကို အလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ သင်ယူမှု၊ သင်ကြားမှုနယ်ပယ် ပိုမိုကျယ်ပြန့်စေရန်၊ ပိုမိုရွေးချယ်သင်ယူလေ့လာခွင့်ရှိစေရန်၊ ပညာရပ်မျိုးကွဲများ၊ ပေါင်းစပ်ဘာသာရပ်များ ချိတ်ဆက်သင်ကြားနိုင်ရန်၊ ပုံမှန်ပညာရေးစနစ်နှင့်ယှဉ်တွဲပြီး မျက်မှောက်ခေတ်ကာလက တောင်းဆိုသည့် ပညာရပ် အထွေထွေ၊ ဘာသာရပ်အဖုံဖုံကို လေ့လာသင်ယူနိုင်သော ပညာရေးအဆောက်အအုံကြီးတစ်ခု ဖြစ်ထွန်းလာစေရန် စနစ်တကျ တိုးချဲ့ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း။

အဓိကအားဖြင့် ပညာရပ်စုံနယ်ပယ်ကဏ္ဍစုံတွင် ဖြန့်ကြက်ပြီး ကြီးမားကျယ်ပြန့်သော၊ အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ရရှိဖြစ်ထွန်းလာစေရန်နှင့်အရည်အသွေးမြင့်မားသည့် လေ့လာသင်ယူနိုင်မှု အခွင့်အလမ်းများ၊ နိုင်ငံတကာအဆင့်မီ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာစေရန် စီမံကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

အုံ့မခန်းစရာ

ထိုသို့ နိုင်ငံတော်အစိုးရက စီမံဖန်တီးပေးလာသည့် ပညာရေးပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်ကြီးတွင် တက္ကသိုလ် ကောလိပ်၊ ဆရာ ဆရာမများ၊ အခြေခံပညာ ဆရာ ဆရာမများ၊ ပညာရှင်များ၊ ပညာရေးစီမံခန့်ခွဲသူများ အပါအဝင် ပညာရေး အဝန်းအဝိုင်းတစ်ခုလုံးနှင့် မိဘပြည်သူ တစ်ရပ်လုံး၏ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် မြန်မာ့ပညာရေးလောက၏ အရေအတွက်အရရော အရည်အသွေးအရပါ တိုးတက်ပြောင်းလဲမှုများသည် အံ့မခန်းစရာအရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းလာခဲ့သည်ကို ယနေ့တွေ့မြင်နေရပြီဖြစ်ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုကို ကြည့်မည်ဆိုလျှင် ၁၉၈၈ ခုနှစ်ကာလက တက္ကသိုလ် ကောလိပ် ၃၂ခုသာရှိခဲ့ရာ ယခုဆိုလျှင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသ ပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်၊ ဆေးဘက်ပညာသည် တက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ် စသည့် ပညာရပ်အထူးပြု တက္ကသိုလ်ကြီးများ အပါအဝင် တက္ကသိုလ် ကောလိပ် ၁၅၆ ခုအထိ တိုးပွားဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ကွန်ရက်စနစ်ရှိလာ

ယခင်က ကွန်ပျူတာနည်းပညာနှင့်ပတ်သက်ပြီး ဒီပလိုမာအဆင့်သာရှိခဲ့ရာက ယခုဆိုလျှင် ကွန်ပျူတာ တက္ကသိုလ်နှစ်ခုအပြင် ကွန်ပျူတာ ကောလိပ်တို့သည် ပြည်နယ်တိုင်းအားလုံး၌ ဖြန့်ကြက်တည်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် အခြေခံပညာ အထက်တန်းကျောင်းအချို့အပါအဝင် တက္ကသိုလ်ကောလိပ်တိုင်း၌ Electronic Learning Centre၊ Electronic Information Resource Centreများ ရှိလာပြီဖြစ်သည်သာမက တက္ကသိုလ်ကောလိပ်အားလုံးချိတ်ဆက်ထားသည့် ကွန်ရက်စနစ် (Network) ရှိလာခဲ့ပြီဖြစ်ကြောင်း။

ပညာရပ်များ တိုးတက်ဖြစ်ထွန်းမှု အနေဖြင့်လည်း ဘာသာရပ်မျိုးကွဲများ၊ ပေါင်းစပ်ဘာသာရပ်များ၊ ဆင့်ပွားဘာသာရပ်များ တိုးပွားပေါ်ထွန်းလာသည့်အတွက် ပညာရပ်မျိုးကွဲစုံလင်ပြီး အထူးပြုလေ့လာနိုင်သော၊ ကြီးမားကျယ်ပြန့်သော ပညာရေးအဆောက်အအုံကြီးတစ်ခု ဖြစ်ထွန်းနေပြီဟု ဆိုရမည်ဖြစ်ကြောင်း။

စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်မှု အနေဖြင့် ကြည့်မည်ဆိုလျှင်လည်း တက္ကသိုလ်ကောလိပ်များတွင် ယခင်ခေတ်အခါက မဟာဘွဲ့သာအမြင့်ဆုံး သင်ကြားပေးနိုင်ခဲ့သော်လည်း ယခုဆိုလျှင် မဟာဘွဲ့၊ မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့များအထိ သင်ကြားပေးနိုင်နေသည့်အတွက် ယနေ့ကာလ ဘွဲ့လွန်သင်တန်း တက်ရောက်သူဦးရေသည် ယခင်ခေတ်ကာလ ဘွဲ့ကြိုသင်တန်း တက်ရောက်သူဦးရေထက် များပြားနေပြီဖြစ်ကြောင်း။

အရည်အသွေးမြင့်မား

ပညာရပ်နယ်ပယ် အသီးသီးတွင် သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်ပေးနိုင်မှု၊ ပါရဂူဘွဲ့ရ၊ မဟာဘွဲ့ရ ဆရာများအပါအဝင် အရည်အသွေးမြင့် ဆရာများ တိုးပွားလာမှုများ၊ ခေတ်မီဓာတ်ခွဲခန်းနှင့် လက်တွေ့ခန်းများ၊ Electronic Information Resource Center များ၊ e-Library များ စသည့် နိုင်ငံတကာအဆင့်မီ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာမှုတို့ကြောင့် အဆင့်မြင့်ပညာကဏ္ဍတစ်ခုလုံး၌ ပညာရည်အရည်အသွေးမြင့်မားမှု အကျိုးရလဒ်ကောင်းများ လွှမ်းခြုံရရှိနေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အခြေခံကောင်း အရည်အသွေးကောင်းများကို ထိုက်ထိုက်တန်တန်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(စက်မှု-၁)

စက်မှု(၁) ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ် ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး တက်ရောက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီတို့အားအမှူးထား၍ ဝန်ထမ်းမိသားစု၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော် မြို့နယ် သရက်တောကျောင်းတိုက်ဝင်းရှိ အလယ်တိုက်ကျောင်းကြီး၌ ကျင်းပရာ ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီ၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းမိသားစုများတက်ရောက်ကြသည်။

ရှေးဦးစွာ လမ်းမတော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သရက်တောကျောင်းတိုက် မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဇောတထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက်ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လမ်းမတော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သရက်တောကျောင်းတိုက် မှန်ကျောင်းဆရာတော်ထံမှ ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကျန်စစ်သားလမ်းရှိ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၌ ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီးဒေါ်ခင်ခင်ရီတို့အား အမှူးထား၍ ဝန်ထမ်းမိသားစု၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပသည်။

ရှေးဦးစွာ ရေစကြိုဆရာတော် တိပိဋကရေတိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက်ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် ဝန်ထမ်းမိသားစုတို့က ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရေစကြိုဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

➪ စာမျက်နှာ ၁၀ မှ

အသုံးပြုပြီး ပိုမိုတိုးတက်သော အခြေအနေကို ဖန်တီးကြရန် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအတွက် ပညာရပ်ဆိုင်ရာ အခွင့်အလမ်းကောင်းများဖြစ်သကဲ့သို့ ပညာရေးဆိုင်ရာ တာဝန်များလည်းဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ဆရာ၊ ဆရာမ တစ်ဦးချင်း၊ တက္ကသိုလ်၊ ကောလိပ်တစ်ခုချင်း၏ ပညာရပ်ဆိုင်ရာ အရည်အသွေးများ၊ အတွေ့အကြုံများ၊ တီထွင်ကြံဆမှုများ၊ လေ့လာဆန်းစစ်မှုများ၊ သုတေသနပြု ဖော်ထုတ်တွေ့ရှိမှုများကို အပြန်အလှန်မျှဝေပေါင်းစည်းပြီး နိုင်ငံအတွက် ပညာစွမ်းအားသစ်များကို တည်ဆောက်ပေးကြရန် ဆရာ၊ ဆရာမတို့၌ တာဝန်ရှိကြောင်း။

မိမိနိုင်ငံမိမိ တည်ဆောက်နေသည့် ကာလတွင် တက္ကသိုလ် ကောလိပ်တိုင်းကနေ နိုင်ငံတော်အတွက် အားထားရမည့် အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ဆက်လက်ကြိုးစားဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်ခြင်းအစီအစဉ်ကိုကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်(အီး-၇၈) ပညာရေးဝန်ကြီးဌာန မြစ်ကြီးနားတက္ကသိုလ် သရုပ်ပြ ဦးဇော်ဇော်ဝင်းအား လည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ်(အေ-၁၀၂) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လက်ထောက်ကထိက ဒေါ်ခင်မိမိအားလည်းကောင်း၊ ဖွဲ့လုံ့လဆုများကို သင်တန်းသားအမှတ်(အီး-၅၄) ကျန်းမာရေးဝန်ကြီးဌာန သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ကထိက (ဌာနမှူး) ဦးဗိုလ်ဗိုလ်၊ သင်တန်းသူအမှတ်(ဘီ-၄၁) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ကထိက(ဌာနမှူး) ဒေါ်ခင်စန်းတင့်နှင့် သင်တန်းသူအမှတ်(အေ-၈)ပညာရေးဝန်ကြီးဌာန စစ်ကိုင်းပညာရေးတက္ကသိုလ်နည်းပြ ဒေါ်ငြိမ်းမမခင်တို့အားလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက စံပြအဆောင်ဆုရရှိကြသော အမျိုးသားအမှတ်(၁) တပ်ခွဲအဆောင်(၂)နှင့် အမျိုးသမီးအမှတ် (၄) တပ်ခွဲအဆောင်(၂)တို့ကိုလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်နှင့် ဒုတိယသင်တန်းသား ခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသား သင်တန်းသူများက လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ စွယ်တော်မြတ်စေတီတော်(မန္တလေး) အတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်အတွက် လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် လှူဒါန်းငွေနှင့် အမျိုးသားညီလာခံအား ဂုဏ်ပြုလှူဒါန်းငွေများ အပါအဝင် စုစုပေါင်းငွေကျပ် ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်အဖွဲ့သည် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း အောင်မင်္ဂလာလမ်းနေ ဦးလှဘော်အားရည်စူး၍ ဒေါ်ကျင်သန်း မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းနှင့် ဓမ္မမိတ်ဆွေများထံမှ အလှူတော်ငွေ ကျပ် ၅၇၂၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်း နှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော်ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံ ဦးဆွေတင့်-ဒေါ်ယဉ်စန်း (တော်ဝင်မဟာ)တို့ထံ ဇွန် ၄ ရက်က ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

အောင်ဘာလေ သိန်းဆုကြီးများ

ရန်ကုန် ဇူလိုင် ၁

အကြိမ်(၂၁၀)မြောက် ကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၅၀၀ အထူးဆု

ခ-၉၁၈၅၃၆

ကျပ်သိန်း ၃၀၀ ဆုများ

န-၄၃၉၃၅၇
ဓ-၈၆၅၄၃၄

ကျပ်သိန်း ၂၀၀ ဆုများ

မ-၆၈၇၁၈၃
ဌ-၆၉၈၂၅၉
စ-၈၃၉၈၁၆
ဍ-၂၀၇၄၆၀

ကျပ်သိန်း ၁၀၀ ဆုများ

ဠ- ၄၄၂၄၃၇
ဃ-၃၈၀၂၅၁
က-၉၉၁၃၃၄
ဇ-၂၄၂၅၅၃
န-၈၁၆၅၅၆
က-၇၉၇၂၃၂
ပ-၆၈၃၆၁၃
ခ-၂၉၈၄၂၁
ဇ-၆၂၃၉၉၆
ဖ-၆၆၇၄၂၈
က-၅၄၄၁၈၀
တ-၅၈၀၉၆၀
သ-၅၁၈၈၂၇
ဘ-၉၇၂၇၇၆
စ-၉၇၂၈၅၉

ကျပ် သိန်း ၁၀၀ယူနစ် (မင်္ဂလာစုံတွဲ)ဆုများ

ထ-၉၆၁၈၈၇
င-၁၈၂၅၂၀
ဂ-၁၈၅၃၀၁
င-၆၉၅၆၁၆
ယ-၄၉၄၂၆၀
ခ-၉၂၇၆၄၅
ဒ-၅၀၉၆၈၈
န-၈၉၉၃၆၅
ဘ-၅၆၉၇၂၆
စ-၇၀၆၃၀၂
န-၃၅၂၄၃၆
ပ-၈၂၄၄၂၀
ခ-၇၈၇၂၈၄
ဌ-၇၅၀၂၆၁
ထ-၇၈၃၃၉၆
စ-၆၄၅၃၈၄

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၇-၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ထူးမြတ်သာသနာ သဲအင်းဝိပဿနာ
၇း၁၅	ဝါသနာရှင်စင်မြင့် (ညီသစ်ထူး၊စုချစ်ဇော်)
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	Sunday Talk (ဦးမျိုးမြတ်သူ၊ ဦးကိုကို(စက်မှုတက္ကသိုလ်)]
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၀	စားကောင်းမယ့် ထမင်းတစ်လုတ်
၉း၃၀	မိုးလေဝသခန့်မှန်းချက်
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	Myanmar Video Rhythm
၁၀း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ ဌာနအကြောင်း သိကောင်းစရာ(အပိုင်း-၁)
၁၁း၀၀	ယဉ်ကျေးမှုအမွေ ထိန်းသိမ်းဖို့ တစ်တပ်တစ်အားပါဝင်စို့
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀	နိုင်ငံတကာအနုပညာရေးရာ (ကောင်းထက်ဇော်၊ မွန်မွန်)
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	အရောင်များထဲမှ အမျိုးသမီးများ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အခြေခံစီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနက ကြီးမှူးဖွင့်လှစ်သည့်အခြေခံ စီမံခန့်ခွဲမှုဆင့်ပွားသင်တန်းအမှတ်စဉ် ၁/၂၀၀၆ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၄ ရက်က တာမွေအထက (၄) ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန်းရွှေယဉ်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန်းဌေးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူ ၁၀၀တက်ရောက်ကြကြောင်းသိရသည်။

(ခရိုင်အမျိုးသမီးရေးရာ)

အမှာစကားပြောကြား

အခြေခံ စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းအမှတ်စဉ် ၁/၂၀၀၆ဖွင့်ပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန်းရွှေယဉ် အမှာစကားပြောကြားစဉ်။

(ခရိုင်အမျိုးသမီးရေးရာ)

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကျောက်စိမ်းအတွဲများရောင်းချမှု ကြည့်ရှုအားပေး ရတနာကုန်သည် ၂၃၈၄ ဦး တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့်ဝယ်ယူ

ရန်ကုန် ဇူလိုင် ၁

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမဆောင်၌ ပြည်တွင်းပြည်ပရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုနှင့် အပေါ်ထပ်ရှိ ပုဂ္ဂလိကရတနာဆိုင်များကို ကြည့်ရှုအားပေးပြီး ပြည်တွင်းပြည်ပရတနာကုန်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ညနေ ၄နာရီမှ ည ၆နာရီခွဲအထိ ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၂၁တွဲကို ရတနာကုန်သည်များက ဝယ်ယူခဲ့ကြသည်။ ယမန်နေ့ တစ်နေ့တည်းမှာပင် ကျောက်စိမ်းအတွဲပေါင်း ၅၈ တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရသည်။

အထူးရောင်းချပွဲ အစီအစဉ်အရ ယနေ့နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၃၃ တွဲကို ရောင်းချခဲ့ရသည်။ လေးရက်အတွင်း ရောင်းချခဲ့ရသော ကျောက်စိမ်းအတွဲပေါင်းမှာ ၁၉၈ တွဲဖြစ်သည်။

ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ညပိုင်းအထိ ဆက်လက် ရောင်းချလျက်ရှိရာ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ ခန်းမဆောင်ကြီးအတွင်း သူ့ထက်ငါ အပြိုင်အဆိုင်ဈေးပိုပေး၍ ဝယ်ယူလျက်ရှိကြသည်။

ယခုရောင်းချလျက်ရှိသည့် အထူးရတနာရောင်းချပွဲသို့ ပြည်ပနိုင်ငံ ၁၀နိုင်ငံမှ ရတနာကုန်သည် ၁၄၆၇ ဦးနှင့် ပြည်တွင်းမှ နိုင်ငံသားရတနာကုန်သည် ၉၁၇ ဦး စုစုပေါင်း ရတနာကုန်သည် ၂၃၈၄ ဦးတက်ရောက်၍ ဝယ်ယူလျက်ရှိကြသည်။

ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ဇူလိုင် ၂ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၃၀ရက်တွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းပြည်ပ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာ့သစ်လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းပြည်ပ ပုဂ္ဂလိကစက်မှုလုပ်ငန်းကုမ္ပဏီ ၁၄ ခုတို့မှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက နိုင်ငံတော်၏ ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ ပုဂ္ဂလိက စီးပွားရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးကို အားပေးလျက်ရှိရာ ယခုမြန်မာ့သစ်လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိက သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ဝန်ကြီးဌာနအနေဖြင့် အားပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်အကျိုး၊ မိမိကုမ္ပဏီအကျိုး ရည်မှန်း၍ မျှတအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များဘက်မှ ပြည်ပဈေးကွက်ရှာဖွေရေး၊ ဈေးကွက်လိုအပ်ချက်အရ တန်ဖိုးမြှင့်သစ်အချောထည်များ ထုတ်လုပ်ရေး ဆောင်ရွက်သွားနိုင်ရန် ဝန်ကြီးဌာနက လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ဆွေးနွေးပြီး ဝန်ကြီးက ဆွေးနွေး တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ရာသီဥတု အင်တာနက်သတင်း

မြောက်အတ္တလန္တိတ်သမုဒ္ဒရာဒေသ၌ အပူချိန်မြင့်တက်လာ ဟာရီကိန်းမုန်တိုင်းများ ဖြစ်ပေါ်မှုနှင့်ဆက်နွှယ်နေ

တိုကျို ဇူလိုင် ၁

လွန်ခဲ့သည့် ၂၅နှစ်တာကာလသည် ၁၆၀၀ပြည့်နှစ် နောက်ပိုင်းကမ္ဘာ့အပူချိန် အရ အပူနွေးဆုံးကာလပင်ဖြစ်ကြောင်း ရာသီဥတုပညာရှင်များ၏ လေ့လာမှုတစ်ရပ်အရ သိရှိရသည်။

လွန်ခဲ့သည့်နှစ်က မြောက်အတ္တလန္တိတ်သမုဒ္ဒရာဒေသတွင် အပူချိန်မြင့်တက်လာကြောင်း၊ ယင်းမှာ ဟာရီကိန်းမုန်တိုင်းများဖွဲ့စည်းဖြစ်ပေါ်မှုနှင့် ဆက်နွှယ်နေပြီး ကမ္ဘာကြီးပူနွေးမှုပြဿနာပင်ဖြစ်ကြောင်း အမေရိကန်ရာသီဥတု ကျွမ်းကျင်သူပညာရှင်များက ပြောကြားသည်။ မြောက်အတ္တလန္တိတ်သမုဒ္ဒရာတွင် လွန်ခဲ့သည့်နှစ်က ကက်ထရီနာဟူ၍ အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းအပါအဝင် ဟာရီကိန်းမုန်တိုင်းများ ဖွဲ့စည်းဖြစ်ပေါ်သည့်အရေအတွက် ပိုမိုများပြားလာသည်ဟု ဆိုသည်။

လွန်ခဲ့သည့် ရာစုနှစ်လေးစုတာကာလအတွင်း လွန်ခဲ့သည့် ၂၅နှစ်မြောက်ကာလသည် ကမ္ဘာ့ပျမ်းမျှ အပူချိန် အမြင့်ဆုံးဖြစ်ကြောင်း အမေရိကန် အမျိုးသားသုတေသနကောင်စီက နိုင်ငံတကာရာသီဥတုပညာရှင်များနှင့် ပူးတွဲပြုလုပ်သော လေ့လာမှုတွင် ဖော်ပြထားသည်။ **အင်တာနက်။**

ယမန်နှစ်က ကက်ထရီနာ အမည်ရှိ ဟာရီကိန်း မုန်တိုင်းတိုက်ခတ်မှုကြောင့် မြောက်အတ္တလန္တိတ် ကမ်းခြေဒေသများတွင် ထိခိုက်ပျက်စီးမှု များစွာ ဖြစ်ပေါ်ခဲ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

ဝါတွင်းတရားစခန်းနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၈) ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည် ဩဝါဒခံ စိန်စည်သာသနာ့ရိပ်သာ ဝါတွင်းသုံးလ အထူးတရားစခန်းပွဲကို ဇူလိုင် ၉ ရက်မှ ၁၈ ရက်၊ ဩဂုတ် ၈ရက်မှ ၁၇ရက်၊ စက်တင်ဘာ ၇ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဥပုသ်နေ့တိုင်း မဟာစည်သာသနာ့ရိပ်သာ နာယကဆရာတော်က တရားဟောကြားမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ပြီး သင်္ကန်းတစ်စုံလျှင် ကျပ် ၄၀၀၀၊ ထီး ကျပ် ၂၀၀၀၊ ဖိနပ် ကျပ်၂၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။ (က-ပ)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ အုပ်ချုပ်ရေးအဖွဲ့ကကြီးမှူး၍ (၄၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီခွဲတွင် သီရိရတနာဓမ္မရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းတိုက် ၁၃ တိုက်မှ ဆရာတော် သံဃာတော် ၁၃ ပါးအား ဝါဆိုသင်္ကန်းနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဝါဆိုဆွမ်းများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ဖုန်း-၅၄၁၇၉၆ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ဘိုးဘွားရိပ်သာ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၇-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၅** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၄၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၇:၅၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၀၀** ၁၀။ **ဆရာတော်ဦးဃောသိတ တရားတော် - သင်္ခတမှအသင်္ခတသို့**
- **၉:၁၅** ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၉:၂၀** ၁၂။ အပိတ်နှုတ်ဆက်စကား
- **၉:၂၁** ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် - လှပသောအိပ်မက်ကလေး**
- **၁:၅၀** ၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၁:၅၅** ၇။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
- **၄:၂၀** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၃၀** ၅။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၁၅** ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၅** ၁၃။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြက်ခင်းစိမ်းနဲ့အိမ်ကလေး (အပိုင်း-၄၂)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လက်မတင်ကလေး (အပိုင်း-၁၂)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

အိုလံပစ်နေ့အထိမ်းအမှတ် ဂူရှူးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်နှင့် ထွန်းရွှေဝါ တိုင်းရင်းဆေးကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ဂူရှူးပြိုင်ပွဲကို ယနေ့ နံနက် ၈နာရီမှစ၍ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းရှိ အဖွဲ့ချုပ်လေ့ကျင့်ရေး စခန်းတွင် ကျင်းပသည်။

ပြိုင်ပွဲများကျင်းပအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသား (၁၂)နှစ်အောက် ချန်းချွမ်ပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး (၁၂)နှစ်အောက် ချန်းချွမ်ပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ အာ/ကာ ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက အမျိုးသား (၁၂)နှစ်အောက် နန်ချွမ်းပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်က အမျိုးသား(၁၂)နှစ်အထက် နှစ်ဖက်သွားဓားပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ ထွန်းရွှေဝါ တိုင်းရင်းဆေးကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းရွှေက အမျိုးသမီး (၁၂)နှစ်အောက် နန်ချွမ်းပြိုင်ပွဲဆုရရှိသူများကို လည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော် အမျိုးသား (၁၂)အောက် နှစ်ဖက်သွားဓား ပြိုင်ပွဲဆုရရှိသူများအား အောင်နိုင်ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မဟာဗောဓိစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိ စာသင်တိုက်၌ ဝါဆို ဝါကပ်တော်မူကြမည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ အမှူးပြုသော သံဃာတော် ၂၉၃ ပါးတို့အား မဟာဗောဓိပရိယတ္တိ သာသနာပြုအသင်းက ဦးဆောင်၍ ဒါယကာ ဒါယိကာမများ စုပေါင်းကာ (၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စာအောင် သံဃာတော်များအား ပူဇော်ပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက်၊ ဇူလိုင် ၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပေါ်တူဂီ အကြိုဗိုလ်လုပွဲ တက် အင်္ဂလန်အသင်း ရှုံး၍ထွက်ရ

ရန်ကုန် ဇူလိုင် ၁

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တတိယကွာတားဖိုင်နယ် ရှုံးထွက်ပွဲအဖြစ် အင်္ဂလန်အသင်းနှင့် ပေါ်တူဂီအသင်းတို့ ယနေ့ ဂျာမနီနိုင်ငံ ဂျယ်လ်ဆင်ကာချင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ သာမန်ကစားချိန်ရော အချိန်ပိုတွင်ပါ ဂိုးမရှိသရေကျနေသဖြင့် ပယ်နယ်တီအဆုံးဖြတ်ကန်ရသည်။ ပယ်နယ်တီကန်သွင်းရာတွင် ပေါ်တူဂီက အင်္ဂလန်ကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။ (ကြေးမုံ)

အနီကတ်ပြ

အင်္ဂလန်အသင်းမှ ဝိန်းရူနီအား ဒိုင်လူကြီးက အနီကတ်ပြထုတ်ပယ်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇွန် ၂၄ရက်ကကျင်းပသည့် ကမ္ဘာ့ဖလား ဒုတိယအဆင့်ပွဲစဉ်ဖြစ်သည့် မက္ကဆီကိုနှင့် အာဂျင်တီးနားပွဲတွင်မက္ကဆီကိုအသင်းနည်းပြ ရီကာဒိုလာပေါ်ပီအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုအသင်းနည်းပြ လေးနှစ်တာကာလအတွင်း ဒေါ်လာ ၁၀သန်းနီးပါးရ

မက္ကဆီကို ဇူလိုင် ၁

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် မက္ကဆီကိုလက်ရွေးစင်အသင်း၏ နည်းပြ ရီကာဒိုလာပေါ်ပီသည် လွန်ခဲ့သည့် လေးနှစ်တာကာလအတွင်း ယင်းအသင်း၏ ဦးဆောင်သူအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ရာတွင် အမေရိကန်ဒေါ်လာ ၁၀သန်းနီးပါး ဝင်ငွေ ရရှိခဲ့ကြောင်း မက္ကဆီကို နိုင်ငံတွင်ထုတ်ဝေသည့် အယ်လ်ယူနီဗာဆယ် သတင်းစာက ဇူလိုင် ၁ရက်တွင် ရေးသားဖော်ပြသည်။

မက္ကဆီကို လက်ရွေးစင်အသင်းကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်ရောက်ခွင့်ရရှိရန်အထိ ကြိုးပမ်းခဲ့ရာတွင် စုစုပေါင်း ဒေါ်လာ သန်း၄၀ ကုန်ကျခဲ့ကြောင်း၊ ဖော်ပြပါ ငွေကြေးပမာဏ၏ လေးပုံတစ်ပုံနီးပါးမှာ နည်းပြလာပေါ်ပီအတွက် လုပ်ခလစာ ပေးရခြင်းဖြစ်ကြောင်း သတင်းစာက ရေးသားသည်။

နည်းပြ လာပေါ်ပီသည် တစ်နှစ်လျှင် လုပ်ခလစာဒေါ်လာ ၂၁သမ ၄သန်းရရှိပြီး မက္ကဆီကိုအသင်းအတွက် လေးနှစ်တာဝန်ယူခဲ့ရာ ၎င်းသည် ဒေါ်လာ ၉ ဒသမ၆သန်း ရရှိကြောင်းသတင်းစာတွင် ဆက်လက်ဖော်ပြသည်။

အင်တာနက်။

အကောင်းဆုံး ဘောလုံးသမား မိုက်ကယ်ဘောလက်ရွေးချယ်ခံရ

ဘာလင် ဇူလိုင် ၁

သောကြာနေ့က ကျင်းပခဲ့သော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲတွင် အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ဂျမနီ အသင်းမှ မိုက်ကယ်ဘောလက်အား ယင်းပွဲ၏ အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်လိုက်ကြောင်း ဇူလိုင် ၁ ရက် အင်တာနက် သတင်းတွင် ဖော်ပြထားသည်။

ပွဲချိန် ၇၉မိနစ်တွင် ဂျာမနီအသင်းအတွက် တိုက်စစ်မှူး မီရာစလော့ဗ်ကလိုဆေး ချေပဂိုး သွင်းယူနိုင်ရေးအတွက် မိုက်ကယ်ဘောလက်က တိတိကျကျ ဖြတ်ပို့ပေးနိုင်ခဲ့ကြောင်း၊ မိုက်ကယ်ဘောလက်၏ ကူညီမှုနှင့်အတူ ဂျာမနီအသင်း ရေတိမ်နစ်ရမည့်အဖြစ်မှ ရှောင်လွှဲနိုင်ခဲ့ကြောင်း မီဒီယာများက ဝေဖန်ရေးသားသည်။

အချိန်ပိုကစားချိန်အထိ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျနေချိန်တွင် ပယ်နယ်တီအဆုံးဖြတ်ကို ရယူခဲ့ရာ ပယ်နယ်တီ ကန်သွင်းသူများတွင် ဘောလက်ပါဝင်ပြီး ယုံကြည်မှုအပြည့်အဝဖြင့် ကန်သွင်းသော ၎င်း၏ ဘောလုံးမှာ ဂိုးဝင်ခဲ့သည်။ အင်တာနက်။

ပယ်နယ်တီ ကန်သွင်းရာတွင် ဂိုးဝင်သွားခဲ့ပြီးနောက် ဂျာမနီအသင်း၏ အသင်းခေါင်းဆောင် မိုက်ကယ်ဘောလက် အောင်ပွဲခံနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဂျင်တီးနား အသင်းနည်းပြ ဟိုဆေးပက်ကာမင်အား ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ကွာတားဖိုင်နယ်အဆင့်ပွဲတွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဂျင်တီးနားနည်းပြ ရာထူးမှနုတ်ထွက်

ဘာလင် ဇူလိုင် ၁

ကွာတားဖိုင်နယ်အဆင့်တွင် ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သော အာဂျင်တီးနား လက်ရွေးစင်အသင်း၏ နည်းပြဟိုဆေးပက်ကာမင်သည် ပယ်နယ်တီကန်သွင်းမှုအတွက် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ရာတွင် မှားယွင်းသည်ဟု အကြီးအကျယ် ဝေဖန်ခံခဲ့ရပြီးနောက် နည်းပြရာထူးမှ နုတ်ထွက်လိုက်ကြောင်း ဇူလိုင် ၁ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဟိုဆေးပက်ကာမင်သည် ၂၀၀၄ ခုနှစ်တွင် အာဂျင်တီးနားအသင်း၏ မန်နေဂျာအဖြစ် စတင်တာဝန်ယူခဲ့သည်။ ပက်ကာမင်သည် အသက် ၂၀အောက် အာဂျင်တီးနားလူငယ်လက်ရွေးစင်အသင်းအနေဖြင့် ကမ္ဘာ့လူငယ်တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲတွင် အောင်ပွဲခံနိုင်စေရန် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် အာဂျင်တီးနား လက်ရွေးစင်အသင်း၏ နည်းပြအဖြစ် ရွေးချယ်ခံခဲ့ရသည်။

မိမိ၏ အသင်းသည် အကြိုဗိုလ်လုပွဲအဆင့်သို့ ဆက်လက်တက်လှမ်းနိုင်သည့် အခြေအနေတွင် ရှိသော်လည်း မြင်းကောင်းခွာလိပ်ဖြစ်ခဲ့ရသည့်အတွက် အခြားသောနည်းပြဆရာများ၊ ဘောလုံးသမားများနှင့် ပရိသတ်တို့အား ဝမ်းနည်းစကား ဆိုပါကြောင်း ပက်ကာမင်က ပြောကြားသည်။ အင်တာနက်။

● ဂျပန်နိုင်ငံမှ

ထိန်းသိမ်းရေး ဝန်ကြီးဌာနက ပြောကြားသည်။

ကမ္ဘာ့ကြီးပူနွေးမှုကို ဖြစ်ပေါ်စေသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ရန်လည်းကောင်း၊ ရုပ်ကြွင်းလောင်စာပေါ်တွင် မှီခိုအားထားနေရမှု လျှော့ချနိုင်စေရန်လည်းကောင်း အော်သနောလောင်စာသုံးစွဲမှုကို ပြန်လည်အားပေးလျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနကပြောကြားသည်။

အင်တာနက်။

စာပေညီလာခံဂုဏ်ပြု သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး သုမမဏိဇော်တဝေ ဦးစိုးရှိန် (မောင်စိုးထိုက် - သုံးဆယ်) **(ဝဲ)** စာပေဆုများနှင့် လူမှုထူးချွန်ပထမဆင့်သည့် အမှတ် (၂)တပ်မတော်ဆေးရုံကြီးတွင် ဇွန် ၂၈ရက်က (၁၀၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။ (က-ဂ)

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/တောင်ရပ်ကွက်၊ ဗားဂရာလမ်း၊ အမှတ်(၂၄၄)နေ ဦးဇော်ဇော်ထွန်း-ဒေါ်ခင်အေး(မခင်အေးစတိုး)တို့၏သား၊ မအိမ့်ဇော်၏ အစ်ကို

မောင်ဇေယျာဦး B.Sc (Maths)

Managing Director

Spirits Construction & TMH Home Decoration Group

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြကန်သာအိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၁၃)နေ ဦးဘိုကျော်(ဗဟန်းမြို့နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန)-ဒေါ်မြမြမွန်တို့၏ သမီးငယ်

မသဲမွန်ထွေး B.A(Business Management)

Director Spirits Construction & TMH Home Decoration Group

တို့၏ ၁-၇-၂၀၀၆ရက်(စနေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel လာသာခန်းမ၌ ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားရုံးချုပ်ညွှန်ကြားရေးမှူး ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မာလာအားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ဒေါက်တာဇော်ဝင်းနှင့်ဇနီးဒေါက်တာနွယ်သီဂီ၊ ပေါ်ပြူလာဂျာနယ်မှ အယ်ဒီတာချုပ် ဦးဟိန်းလတ်နှင့်ဇနီးဒေါ်သီရိခင်အားလည်းကောင်း၊ ရန်ကုန်မြို့ Sedona Hotel, Grand Ball Roomတွင် ၁-၇-၂၀၀၆ရက်နေ့ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ ဇနီး ဒေါ်မာလာတင်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်ဇင်ယော်(လေ)နှင့်ဇနီး ဒေါက်တာခင်သီရိအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော Air Bagan မှ Managing Directorဦးစိုးဝင်းနှင့်ဇနီး ဒေါ်ဥမ္မာဆွေအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၏ဇနီး ဒေါ်သက်သက်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း ၏ဇနီး ဒေါ်ထွေးရီ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေး၍ ချီးမြှင့်သော လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ကြသော ရန်ကုန်တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနတိုင်းဦးစီးမှူး ဦးတင်အောင်၊ ခရိုင်/မြို့နယ်ဦးစီးမှူးများနှင့် ဇနီးများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာပန်းကြဲပေးသောမဇင်မွန်အေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မအိမ့်မွန်ဇော်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မအိသန္တာဖြူ၊ သတို့သားအရံ မောင်ပြည့်စုံနှင့်မောင်ဟိန်းကိုကိုအောင်၊ သတို့သမီးအရံမအေးနှင်းဖြူနှင့် မအေးနန္ဒာ၊ မေတ္တာဖြင့်မင်္ဂလာ ဖိတ်စာဒီဇိုင်းဖန်တီးပေးသော ပန်းချီမောင်မောင်လှမြင့်နှင့်ဇနီးအာဝီတူး၊ မင်္ဂလာတစ်ခု ဆင်မြန်းပေးသော ကိုပြည်စိုးအောင်၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးသော မိတ်ကပ် စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာပန်းအလှ ဆင်ပေးသော ကိုလင်းလင်း၊ မင်္ဂလာလက်ဖွဲ့ရတနာဆင်မြန်းပေးသော ပွင့်ဖြူရတနာအားလည်းကောင်း၊ မေတ္တာဖြင့် Vinylဓာတ်ပုံများဆင်မြန်းပေးသော Real Lifeမှ ကိုသက်လွင်ရွှေနှင့် ဇနီးအား လည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော Emperor တေးဂီတ အဖွဲ့သားများ၊ ဗီဒီယိုရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့၊ ဓာတ်ပုံအလှရိုက်ကူးပေးသော ကိုဇော်ထွန်းနှင့် အဖွဲ့သားများ၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော ဦးဇော်မိုးထွန်းနှင့် ဒေါ်အိအိတင် (Emily)၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇေယျာဦး-မသဲမွန်ထွေး

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့ ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် သုံးခု ဆွတ်ခူးရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန်၃၀ရက် ညပိုင်းက ကရဝိက်နန်းတော်တွင် ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာမြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌကိုယ်စား အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ဆန်း (ACE ဆောက်လုပ်ရေး ကုမ္ပဏီ)က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မြားပစ် အားကစားနည်းတာဝန်ခံ နာယကဒေါ်တာဒေါ်ညွန့်ညွန့်ဦးက (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ Recurveအမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့သော ဇော်ဝင်းထိုက်(ပြည်ထဲရေး)အား ဂုဏ်ပြုဆုငွေကျပ် သိန်း ၅၀ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အား/ကာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီး Compound အသင်းလိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆွတ်ခူးရရှိခဲ့သော ကေသီ ယုနန္ဒာထိုက်နှင့် တင်ဇင်အိတို့ကို လည်းကောင်း၊ အမျိုးသား Compoundအသင်းလိုက်ပြိုင်ပွဲကြေးတံဆိပ်ဆွတ်ခူးရရှိခဲ့သော ရဲမင်းဆွေနှင့် လင်းနိုင်တို့ကိုလည်းကောင်း၊ တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် ငါးသောင်းစီ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဆန်း (ACE ဆောက်လုပ်ရေး ကုမ္ပဏီ) က အမျိုးသမီး Recurve အသင်းလိုက် ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆွတ်ခူးရရှိခဲ့သော နန်းမိုဟွမ်၊ စန်းယုထွေးနှင့် အောင်ငိုမ်းတို့ကိုလည်းကောင်း၊ အောင်ပွဲရမြားပစ်အဖွဲ့ အုပ်ချုပ်သူနှင့် နည်းပြဆရာ ရှစ်ဦးတို့ကို လည်းကောင်း၊ တစ်ဦးလျှင် ဂုဏ်ပြုဆုငွေ ကျပ်ငါးသောင်းစီ ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမျိုးသမီး Compound အသင်းလိုက်ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆွတ်ခူးခဲ့သူများအား ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ပထမနေ့ စတင်ကျင်းပ
မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကျင်းပရေး ဗဟိုကော်မတီနာယက
ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ပထမနေ့အစီအစဉ်များကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌စတင်ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံကျင်းပရေး ဗဟိုကော်မတီနာယက၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

စတုတ္ထအကြိမ်ညီလာခံ ပထမနေ့သို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ စာပေပညာရှင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်နှင့်တိုင်းများမှ စာပေညီလာခံ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

စတုတ္ထအကြိမ်ညီလာခံ ပထမနေ့ နံနက်ပိုင်းတွင် အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးညွန့်အောင် (မောင်သီဟ-ဥပဒေ)၊ ဦးတင်ထွန်း (ရွှေလီမောင်မောင်)၊ ဦးဘထိန် (ထီလာဖိုးဘထိန်)၊ ဦးတင်မြင့် (နေမျိုးသန့်)၊ ဦးလှမောင်လတ် (သီပေါကိုလတ်)နှင့် ဦးမောင်ကျော်ဦး (ကျော်ဦး-ပြန်ဆက်)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၁၈၈ ဦး ရှိသည့်အနက် ၁၈၃ ဦးတို့ တက်ရောက်ကြသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၃၄ ရာခိုင်နှုန်းရှိ၍ ညီလာခံ အထမြောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံသို့ ပေးပို့လာသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံး၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံကျင်းပရေး ဗဟိုကော်မတီနာယက၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror အင်တာနက်စွမ်းအင်သတင်း

ဂျပန်နိုင်ငံတွင် မော်တော်ယာဉ်များ အားလုံး အက်သနောလောင်စာ သုံးစွဲရေး ဆောင်ရွက်မည်

တိုကျို ဇွန် ၃၀

ကမ္ဘာကြီးပူနွေးမှု တိုက်ဖျက်ရေး အစီအစဉ်အရ ဂျပန်နိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်ထက် နောက်မကျဘဲ မော်တော်ယာဉ်များအားလုံး အက်သနောလောင်စာ သုံးစွဲရန် စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်တာဝန်ရှိသူတစ်ဦးက ဇွန် ၂၉ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံတွင် မော်တော်ကား မီးခိုးထုတ်လွှတ်မှု လျှော့ချနိုင်ရေး အတွက် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိသော လောင်စာကို သုံးစွဲရန် အစိုးရက မူဝါဒချမှတ်ထားသည်။

ဂျပန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက ဇွန်လအတွင်းချမှတ်ခဲ့ သောမူဝါဒသစ်အရ ၂၀၁၀ပြည့်နှစ်မှ စ၍ အက်သနောလောင်စာ၊ ပြောင်းဖူးသို့မဟုတ် သကြားမှ ထုတ်ယူသော အယ်လ်ကိုဟော လောင်စာ ၁၀ ရာခိုင်နှုန်းနှင့် ဓာတ်ဆီ ၉၀ ရာခိုင်နှုန်းတို့ ပေါင်းစပ်ထားသည့် လောင်စာကို သုံးစွဲစေမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်များကို အက်သနောလောင်စာ သုံးစွဲသည့် ကားများအဖြစ်သို့ ပြောင်းလဲနိုင်ရန် လုပ်ဆောင်ရာတွင် ကုန်ကျစရိတ် မည်မျှရှိနိုင်သည်ကို လေ့လာလျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ●

ဂျပန်နိုင်ငံ ဆူဇူကီးကုမ္ပဏီက တီထွင်ထုတ်လုပ်သော တစ်ယောက်စီး ကားငယ်လေးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror ခေါင်းကြီး ဆောင်းပါး အညွှန်း

❁ **ကျောင်းသူကျောင်းသား လူငယ်လူရွယ်များသည် နိုင်ငံချစ်စိတ်ဓာတ်များလွှမ်းခြုံ ရှင်သန်ခိုင်ကျည်နေရန် လိုအပ်သည်။ အလားတူ မျိုးချစ်စိတ်နှင့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ အကျိုးစီးပွားကို မြှင့်တင်ပေးလိုသည့်စိတ်တို့ အစဉ်တိုးပွားဖြစ်ထွန်းလာစေရန်လည်းလိုအပ်သည်။**

(ခေါင်းကြီး) စာမျက်နှာ-၂

❁ **မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာအမျိုးသမီးများဘဝလုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသလို တစ်ဖက်မှလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍများတွင် အုတ်တစ်ချပ်သဲတစ်ပွင့် ကျရာနေရာများမှ တက်တက်ကြွကြွ ညီညီညွတ်ညွတ်ဖြင့် တာဝန်ယူဆောင်ရွက်နေကြသည်ကို တွေ့ရပေသည်။**

ရီရီမြင့်(သတင်းစဉ်)၏ **"အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"** (ဆောင်းပါး) စာမျက်နှာ-၆

ယနေ့မိုးလေဝသ

၂-၇-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။